မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ကမန်အမျိုးသားတိုးတက်ရေးပါတီက ၂၀၁၀ခုနှစ် မေ ၂၅ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များအနက် ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် မြို့တိုင်းရင်းသားပါတီတို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် မေ ၂၅ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည်။

ထို့အပြင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့(၃၁)ဖွဲ့အနက် “ဝ” ဒီမိုကရက်တစ်ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် မေ ၂၅ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၁)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ(၂၉)ပါတီအနက် ပါတီ(၁၄)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ရက်သဖွယ် သွယ်ယှက်ကာတန်း ပုသိမ် - သလပ်ခွာ - မော်တင်စွန်းလမ်း

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ➢ ဓာတ်ပုံမှတ်တမ်း - ကျော်မိုးလွင်(ခရမ်း) ➢ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၅

၂၀၁၀ခုနှစ် မေ ၁၄ရက်နေ့ နံနက်ခင်း....။

ထွက်ပေါ်လာသော နေရောင်ခြည်က နုနုဖြစ်သော်လည်း အပူရှိန်ခပ်ရှင့်ရှင့်က ပါဝင်လာသည်။ ထို့ကြောင့် အမိုးစိမ်းစိမ်းကလေးမိုးထားသည့် မဏ္ဍပ်အတွင်း၌ နေရာယူထားကြသော ဒေသခံပြည်သူတို့တွင် ချွေးများကရွှဲနေကြ၏။ အပူရှိန်ကြောင့် သူတို့ခန္ဓာကိုယ်က နွမ်းဟန်ပြနေသော်လည်း မျက်နှာများပေါ်တွင် အပြုံးရိပ်များသန်းလျက်ရှိသည်။

နေရာကား....။ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၂/၁)၊ စိန်တောင်တစ်နေရာ။

အခမ်းအနားကား....။ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်း ၉၆မိုင်ဖွင့်ပွဲ။

ထိုနေရာတွင် ဒေသခံပြည်သူများနှင့်အတူ စာရေးသူလည်း ရောက်ရှိနေ၏။

မေ ၁၄ရက်က ဖွင့်လှစ်လိုက်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းပိုင်းတစ်နေရာကို ဤသို့ တွေ့ရသည်။

လွယ်လွယ်ကူကူသွားလာနိုင်

အခမ်းအနား မစသေးသဖြင့် မဏ္ဍပ်အတွင်းထိုင်နေသော ကရင် အမျိုးသားကြီးတစ်ဦးကို “ဖထီး ချွေးတွေရွှဲလို့ပါလား၊ နာမည် ဘယ်လိုခေါ်ပါသလဲ”ဟု နှုတ်ဆက်လိုက်တော့ မတော်ကုန်းရွာသား ကိုစောညီမောင်ဖြစ်ကြောင်း၊ ဤဒေသတွင်ပင် မွေးသူဖြစ်ပြီး သူ့တစ်သက်မှာ သည်လိုလမ်းမျိုး မတွေ့ဖူးကြောင်း၊ မိမိတို့ရွာကနေ မော်တင်စွန်းကိုလည်း ဘုရားဖူးကားနှင့် သွားနိုင်တော့မည်ဖြစ်သလို ပုသိမ်ကိုလည်း ပုသိမ်တံတား တည်ဆောက်ပေးထားပြီးဖြစ်လို့ လွယ်လွယ်ကူကူ သွားလာနိုင်နေပြီဖြစ်၍ သိပ်ဝမ်းသာကြောင်းကို ပြုံး၍ပြောပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေလ ၂၆ ရက်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အရှည်တည်တံ့ရေး ဝိုင်းဝန်းလက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေး၊ ကျေးလက်ပြည်သူများ၏ ပညာရေးအဆင့်အတန်း မြင့်မားရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်(၅)ရပ်နှင့်ဆက်စပ်၍ ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ စာအုပ်စာပေများ လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်ရန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ပေါက်လာသည်နှင့်အမျှ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ပဲခူးတိုင်း ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် အမှတ်(၅)ရပ်ကွက် မင်းလမ်းရှိ ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်ဖွင့်ပွဲနှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၃ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အလားတူပင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မန်နောင်ကျေးရွာ မြန်မာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲတွင် ငွေပဒေသာပင်၊ ပရိဘောဂ၊ မီဒီယာပစ္စည်းများနှင့် စာအုပ်စာစောင်ပေးအပ်ပွဲ အခမ်းအနားကို မေ ၈ရက်ကလည်းကောင်း၊ စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကျီးကုန်းကျေးရွာ ရမောင်ပညာအလင်းပြစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် သုတ၊ ရသ စာအုပ်စာစောင်များနှင့် စာကြည့်တိုက် ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲများကို ဧပြီ ၂၈ရက်ကလည်းကောင်း ကျင်းပခဲ့သည်။

နိုင်ငံတော် တည်ဆောက်ရေး၌ ကျေးလက်ဒေသများ၏ အခန်းကဏ္ဍသည် အဓိကကျသည်နှင့်အမျှ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခြင်းသည် အသိပညာဗဟုသုတကြွယ်ဝရေးအတွက်သာမက ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ စာကြည့်တိုက်များ ပိုမိုဖြစ်ထွန်းရေးနှင့် အရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်း လက်တွဲပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း တက်ရောက် အမှာစကားပြောကြားသည်။

သုံးသပ်တင်ပြ

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က လုပ်ငန်းအခြေအနေများကို သုံးသပ်တင်ပြကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီး ဦးအောင်မင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၅၀ ၁၁။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား England and Greece
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ Mail Box
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁၅)
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူ့ရဲကောင်း** (အပိုင်း-၁၄)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အမျိုးသားရေးတေးကဗျာ
၂၂။ ရယ်ရွှင်စရာ ဟာသပဒေသာ **ပေါက်တယ်နော် ပေါက်ပါတယ်** (အပိုင်း-၁) မိုးခန့်၊ အရိုင်း၊ ကျော်ထူး၊ ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ဆုပန်ထွာ၊ ရီရီပွင့်ဖြူ၊ နှိုင်းယှဉ်မြင့်မိုရ် [ဒါရိုက်တာ- မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၃။ အိုင်စီတီသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၉)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

Crown Education က

Education Road Show ကျင်းပမည်

ရန်ကုန် မေ ၂၅

Crown Education ၊ Management Development Institute of Singapore (MDIS) နှင့် PSB Academy တို့ကြီးမှူး၍ ပြည်တွင်းမှ စီးပွားရေး စီမံခန့်ခွဲမှုကျောင်းများ၊ အင်္ဂလိပ်စာဘာသာစကား လေ့ကျင့်သင်ကြားရေးကျောင်းများ၊ ဒီဇိုင်းကျောင်းများ၊ အင်ဂျင်နီယာကျောင်းများ၊ ကွန်ပျူတာဆော့ဖ်ဝဲလ်သင်တန်းကျောင်းများ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတကာပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ၊ စင်ကာပူအစိုးရကျောင်းဝင်ခွင့်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် လေ့လာနိုင်ရန် ပြသသွားမည်။

နိုင်ငံတကာပညာရေးပြပွဲ (Education Road Show)ကို မေ ၂၉ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ Park Royal၌လည်းကောင်း၊ မေ ၃၁ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ တောင်ကြီးမြို့ မြစပယ်ခန်းမ၌ လည်းကောင်း၊ ဇွန် ၂ရက် ညနေ ၄နာရီမှ ည ၇နာရီအထိ မန္တလေးမြို့ Mandalay Swam Hotel ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အချက်အလက်

ယင်းပြပွဲတွင် လူငယ်များ သိသင့်သိထိုက်သည့် နိုင်ငံတကာပညာရေး သတင်းအချက်အလက်များ၊ ပြည်တွင်း၌ ကြိုတင်ပြင်ဆင်နိုင်မည့် အချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။ PSB Academy နှင့် MDIS မှ Country Manager များကလည်း ၎င်းတို့၏ နိုင်ငံတကာပညာသင်အတွေ့အကြုံများကို အဆိုပါပွဲတွင် မျှဝေပေးမည်ဖြစ်သည်။ ထို့အပြင် စင်ကာပူပုဂ္ဂလိကနှင့် အစိုးရကျောင်းများဖြစ်သော NUS, NTU တို့၏ သတင်းအချက်အလက်များအပြင် University of London (UK), University of Bradford (UK), University of Glasgow ,The University of Newcastle (Australia), University of Wollongong (Australia), Edith Cown University (Australia),Oklahoma City University (USA) တို့နှင့် ပြည်တွင်းရှိ အင်္ဂလိပ်စာသင်တန်းကျောင်း၊ အင်ဂျင်နီယာသင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်းများ၏ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံရယူနိုင်မည်ဖြစ်သည်။

ပညာရေးပြပွဲတွင် ပြည်တွင်းမှ အင်္ဂလိပ်စာသင်တန်းကျောင်းဖြစ်သော NELSON English Language School, Ocean Gate Training Center မှ City & Gullds, ကွန်ပျူတာနက်ဝေ့ခ်နှင့် ဆော့ဖ်ဝဲလ်ဘာသာရပ်များကို ကြိုတင်ပြင်ဆင်နိုင်မည့် Gusto တို့မှလည်း ဝင်ရောက်ပြသမည်ဖြစ်သည်။

စုံစမ်းနိုင်

အသေးစိတ်အချက်အလက်များကို Crown Education, Summit Parkview Hotel အခန်း (၂၂၈-၂၂၉) ဖုန်း-၂၁၁၈၈၈(လိုင်းခွဲ ၂၂၈-၂၂၉)၊ ၂၁၆၇၅၀၊ ၀၉-၅၀-၈၅၁၈၅တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မေ ၁၄ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းတို့ ကြီးကြပ်၍ ကျေးလက်ဒေသများဖြစ်သည့် အူကျွန်းကျေးရွာနှင့် ကံကွင်းကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဆေးဝါးများလုံလောက်စွာရရှိရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းအတွက် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် အသက်တမျှအရေးကြီး ဆေးဝါးဈေးနှုန်းများကျဆင်းရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်

ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီကြီးများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၇ရက်မှ ၂၁ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၆၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ (63rd World Health Assembly)သို့ တက်ရောက်ခဲ့ပြီးနောက် မေ ၂၃ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

တက်ရောက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၃)ကြိမ်မြောက်ညီလာခံကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး အစည်းအဝေးခန်းမ၌ မေ ၁၇ရက်က စတင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်တို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

မိန့်ခွန်းပြောကြား

ညီလာခံအစီအစဉ်များကို ကျင်းပရာ (၆၂)ကြိမ်မြောက်ညီလာခံတွင် သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Nimal Siripala De Silva က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် (၆၃)ကြိမ်မြောက် ညီလာခံအလှည့်ကျ သဘာပတိအဖြစ် တူနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Mondher Zenaidi နှင့် ဒုတိယသဘာပတိများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာအဖွဲ့များအလိုက် ရွေးချယ်တင်မြှောက်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာကိုယ်စား မြန်မာနိုင်ငံအား ရွေးချယ်ခဲ့သဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက ဒုတိယသဘာပတိတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆွေးနွေး

ဆက်လက်၍ (၆၃)ကြိမ်မြောက် ညီလာခံသဘာပတိ တူနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Mondher Zenaidi နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan တို့က မိန့်ခွန်းပြောကြားကြကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၃)ကြိမ်မြောက် ညီလာခံကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ဆွေးနွေးပြောကြားကြသည်။

စီမံကိန်းများချမှတ်

မေ ၁၈ရက် ညီလာခံ ဒုတိယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် (၁) ဖြစ်သော ဆင်းရဲမှုလျော့နည်းစေရန် လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသော ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆိုပါဒေသများတွင် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိသဖြင့် အောင်မြင်မှုများ ရရှိနေကြောင်း။

ကမ္ဘာ့ကျန်းမာရေးညီလာခံ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၆၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အသက်တမျှအရေးကြီး

ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် (၈) ဖြစ်သည့် ဆေးဝါးများလုံလောက်စွာ ရရှိရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းအတွက် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် အသက်တမျှ အရေးကြီးကြောင်း၊ ဆေးဝါးဈေးနှုန်းများ ကျဆင်းစေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ကာ နိုင်ငံတကာ ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီကြီးများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO)၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ Commission on Macro- economic and Health (CMH) ကော်မရှင်၏ အကြံပြုချက်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ(Non-Aligned Movement)၏ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ "Strengthening the International Health System and Reinforcing the Global Solidarity Against Pandemic and other International Health Challenges" ခေါင်းစဉ်ပါ ကြေညာချက်မူကြမ်းကို ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်အတူ ညီလာခံတတိယနေ့နှင့် စတုတ္ထနေ့များတွင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund)မှ ဦးဆောင်ညွှန်ကြားရေးမှူး Dr. Michel Kazatchkin, Officer- in- Charge, Mr. Christian Thuraisingham နှင့်အဖွဲ့အားတွေ့ဆုံ၍ ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေပိုမိုရရှိရေးနှင့် စပ်လျဉ်း၍လည်းကောင်း။

တီဘီရောဂါတိုက်ဖျက်ရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး (တီဘီ) Dr. Mario Raviglione နှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ဆေးယဉ်ပါး တီဘီရောဂါကုသရေးဆိုင်ရာ ဆေးဝါးများရရှိမှုအခြေအနေနှင့် ကာကွယ်ကုသရေးလုပ်ငန်းများအား လည်းကောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပေါင်းစပ်ဆက်သွယ်ရေးအရာရှိ (ဓာတ်ခွဲ) Dr. May Chu နှင့်အဖွဲ့အား တွေ့ဆုံ၍ နေပြည်တော်နှင့် မန္တလေးမြို့များရှိ ဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရေး၊ National Influenza Center တွင် DNA Sequencing အတွက်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း။

GAVI Alliance အဖွဲ့မှ ဒုတိယအမှုဆောင်အရာရှိချုပ် Ms. Helen Evans နှင့်အဖွဲ့အားတွေ့ဆုံ၍ ကာကွယ်ဆေး အမျိုးအစားသစ်များရရှိရေး၊ နေရောင်ခြည်စွမ်းအင်သုံး ကာကွယ်ဆေးသိုလှောင်မှုစနစ်ကို မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် တိုးချဲ့ရရှိစေရေး၊ ကာကွယ်ဆေးများ ဆက်လက်ရရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေအမြန်ဆုံးရရှိရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း။

ဂျပန်နိုင်ငံ ဆာဆာကာဝါ အမှတ်တရဖောင်ဒေးရှင်းအဖွဲ့မှ Professor Kii Kuni နှင့်အဖွဲ့အားတွေ့ဆုံ၍ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် အဆိုပါအဖွဲ့မှ အခြားနိုင်ငံများတွင် ဆောင်ရွက်နေသော ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြန်မာနိုင်ငံရှိမြို့နယ်များတွင် ပညာရေးကဏ္ဍ၌ အထောက်အကူပြု ဆောင်ရွက်နေသကဲ့သို့ ကူညီဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း။

တွေ့ဆုံ

ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး အစီအစဉ်မှ ဒုတိယအမှုဆောင် အရာရှိချုပ် Dr. Paul De Lay နှင့်အဖွဲ့အားတွေ့ဆုံ၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း၊ ရောဂါကုသသည့် ဆေးဝါးရရှိမှုအခြေအနေနှင့် ရောဂါရှိသောမိခင်မှ သန္ဓေသားသို့ ရောဂါမကူးစက်အောင် ကာကွယ်ထားရှိမှုနှင့် ရောဂါဝေဒနာရှင်များတွင် တီဘီရောဂါကူးစက်ခံရပါက ကုသမှုပေးမည့် အစီအစဉ်တို့ကိုလည်းကောင်း အသေးစိတ် ဆွေးနွေးခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် ညီလာခံပဉ္စမနေ့တွင် မဲခေါင်ဒေသတွင်းနိုင်ငံများ၌ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အတွက် ယခုနှစ်တွင် ဦးဆောင်တာဝန်ယူမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးစီးကျင်းပသည့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ငှက်ဖျားရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ငှက်ဖျားရောဂါကုသသည့် ဆေးဝါးများ ပေါင်းစပ်ကုသရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အတည်ပြုခဲ့

ထို့နောက် ညနေပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံကို ဆက်လက်ကျင်းပရာ ကော်မတီ(A) အစည်းအဝေးနှင့် ကော်မတီ(B)အစည်းအဝေးများမှ တင်ပြသော ညီလာခံဆုံးဖြတ်ချက်မူကြမ်းများအနက် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်ရရှိသော ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ပြီး (၆၃)ကြိမ်မြောက် ညီလာခံ သဘာပတိ တူနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Mondher Zenaidi နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan တို့က မိန့်ခွန်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီနှင့် မော်တော်ယာဉ်ထုတ်ကုန်လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ(ACCSQ)နှင့် မော်တော်ယာဉ်ထုတ်ကုန်လုပ်ငန်းအဖွဲ့(APWG)၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်သူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေ့ဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလက်မှုလုပ်ငန်းများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မော်တော်ယာဉ်ထုတ်ကုန်များအတွက် ထုတ်လုပ်မှုနည်းစနစ်နှင့် စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ စံချိန်စံညွှန်းနှင့် Regulation ဆိုင်ရာများ ညှိနှိုင်းသတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ စသည်တို့ကို ဆွေးနွေးတင်ပြကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ပြီး မေ ၂၆ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါ အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ)နှင့် မော်တော်ယာဉ်ထုတ်ကုန်လုပ်ငန်းအဖွဲ့ (APWG)သည် အာဆီယံဒေသအတွင်း စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ မူဝါဒထိန်းသိမ်းညှိနှိုင်းမှုပြုရန် ရည်ရွယ်၍ အသိပညာဖလှယ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးအကြံပေးခြင်း ပြုလုပ်နိုင်ရန်အတွက် The Task Force on Mutual Recognition Arrangements for Automotive Meetingနှင့် The Automotive Product Working Group Meeting များကို တစ်ဆက်တည်း ကျင်းပလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ) နှင့် မော်တော်ယာဉ်ထုတ်ကုန်လုပ်ငန်းအဖွဲ့ (APWG) ၏ (၁၁)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

26-5 (03).pmd 1 5/26/2010, 2:19 AM

ကော့စတာရီကာနိုင်ငံ ဆန်ဟိုဆေးမြို့ အရှေ့မြောက်ပိုင်းရှိ အာရီနယ်လ်မီးတောင်မှ မီးခိုးများ မှုတ်ထုတ်နေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီးယူ စီးပွားရေးကျားကန်မည့် ဂျာမနီ၏အစီအစဉ် ဝန်ကြီးချုပ် မာကဲအား သမ္မတအိုဘားမားချီးကျူး

ဝါရှင်တန် မေ ၂၅

ဥရောပစီးပွားရေးတည်ငြိမ်မှုကို ကျားကန်ပေးမည့် ရန်ပုံငွေသို့ထည့်ဝင်ပံ့ပိုးပေးမည့် ဂျာမနီအစိုးရ၏ အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်သမ္မတအိုဘားမားက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲအား ချီးကျူးကြိုဆိုလိုက်ကြောင်း အင်တာနက်သတင်းတွင် မေ ၂၄ရက်က ဖော်ပြသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲ

အမေရိကန်သမ္မတ အိုဘားမားက ဂျာမနီဝန်ကြီးချုပ်မာကဲနှင့် ၁၀မိနစ်ကြာ ဖုန်းဆက်ပြောကြားရာတွင် အထက်ပါအတိုင်း ဂျာမနီဝန်ကြီးချုပ်အား ချီးကျူးပြောကြားလိုက်ခြင်းဖြစ်သည်။

အတည်ပြု

ကြွေးတင်နေသည့် ဥရောပသမဂ္ဂ(အီးယူ)ဝင်နိုင်ငံများအား အကာအကွယ်ပေးရေး ဒေါ်လာ တစ်ထရီလီယံကို အရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေအတွက် ထည့်ဝင်ရန် ဂျာမနီအစိုးရ၏ အစီအစဉ်ကို ဂျာမနီပါလီမန်က မေ ၂၁ရက်တွင် မဲခွဲအတည်ပြုလိုက်သည်။ ဂျာမနီနိုင်ငံ၏ ယင်းလုပ်ဆောင်ချက်အပေါ် သမ္မတအိုဘားမားက ကြိုဆိုခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတ အိမ်ဖြူတော်က ကြေညာသည်။

ဆွေးနွေး

သမ္မတအိုဘားမားနှင့်ဂျာမနီဝန်ကြီးချုပ် မာကဲတို့သည် အီရန်၏ နျူကလီးယား အစီအစဉ်ကိစ္စ၊ ကနေဒါနိုင်ငံ၌ ရှေ့လကျင်းပမည့်အုပ်စု ၂၀(ဂျီ-၂၀)ထိပ်သီး အစည်းအဝေး အလားအလာတို့ကိုလည်း ဆွေးနွေးကြကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

အီရန်နျူအစီအစဉ် ပြုပြင်သင့်ကြောင်း သမ္မတအာဆတ် တိုက်တွန်း

ဒမတ်စကတ် မေ ၂၅

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများ ပိုမိုပြုလုပ်ရန် အမေရိကန်နိုင်ငံက တွန်းအားပေးနေစဉ် အီရန်နိုင်ငံအပေါ် ကိုင်တွယ်မှုနည်းလမ်းပြောင်းလဲရန် ဆီးရီးယားသမ္မတအာဆတ်က အနောက်အင်အားကြီးနိုင်ငံများကို တိုက်တွန်းလိုက်သည်။

ဖြေရှင်း

ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကော့ရှ်နာနှင့် ဆီးရီးယားသမ္မတ ဘက်ရှာအယ်အာဆတ်တို့ မေ ၂၃ရက်က တွေ့ဆုံရာတွင် အီရန်၏ နျူကလီးယားအစီအစဉ်ကို ဆီးရီးယားအစိုးရက ထောက်ခံခြင်းသည် လိပ်ခဲတည်းလည်းဖြစ်နေသော အခြေအနေတစ်ခုကို သံတမန်နည်းအရ ဖြေရှင်းနိုင်မည့် အရေးကြီးသည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း ဆီးရီးယားသမ္မတ အာဆတ်က ထုတ်ဖော်ပြောကြားသည်။

ကိုးကားဖော်ပြ

အီရန်နိုင်ငံ၏ အရပ်ဘက် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ၄င်းတို့၏ကိုင်တွယ်ဖြေရှင်းပုံကို ပြုပြင်သင့်ကြောင်း ဆီးရီးယားသမ္မတ၏ ပြောကြားချက်များကို အက်စ်အေအင်န်အေက ကိုးကားဖော်ပြသည်။ **(အင်တာနက်)**

လွတ်လပ်စွာ ကုန်သွယ်ရေးအစည်းအဝေး တောင်ကိုရီးယားနှင့် ဩစတြေးလျဆွေးနွေး

ဆိုးလ် မေ ၂၅

တောင်ကိုရီးယားနိုင်ငံက ဩစတြေးလျနိုင်ငံနှင့် ငါးကြိမ်မြောက် လွတ်လပ်စွာကုန်သွယ်ရေး အစည်းအဝေးကို ဩစတြေးလျနိုင်ငံ၌ မေ ၂၄ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမြင်ချင်းဖလှယ်

ကင်ဘာရာမြို့၌ ငါးရက်တာကျင်းပသည့် အဆိုပါအစည်းအဝေးတွင် တောင်ကိုရီးယားနှင့် ဩစတြေးလျနှစ်နိုင်ငံအနေဖြင့် အခွန်အကောက်လျှော့ချရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာဖြေရှင်းရေး စသည့်အခက်အခဲများအပေါ် အမြင်ချင်းဖလှယ်ကြမည်ဟု ဆက်လက်ပြောကြားသည်။

ပမာဏ

၂၀၀၉ ခုနှစ်အတွင်းက နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၉ဒသမ၉ ဘီလီယံအထိရှိခဲ့ရာ တောင်ကိုရီးယားအနေဖြင့် ကုန်သွယ်ရေးလိုငွေ အမေရိကန်ဒေါ်လာ ၉ဒသမ၅ ဘီလီယံပြခဲ့ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့ သတင်းရပ်ကွက်၏ ပြောပြချက်အရ သိရသည်။

သဘောတူ

လောလောဆယ်တွင် တောင်ကိုရီးယားနိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်ရရှိထားသည့်နိုင်ငံများမှာ ချီလီ၊ စင်ကာပူ၊ အက်ဖ်တာ၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနှင့်အခွန်မဲ့ သဘောတူညီချက် အင်ဒိုနီးရှား ဆက်လက်ဆောင်ရွက်မည်

ဂျကာတာ မေ ၂၅

အင်ဒိုနီးရှားပြည်တွင်း စက်မှုလုပ်ငန်းရှင်များက အပြင်းအထန်ဆန့်ကျင်နေလင့်ကစား အင်ဒိုနီးရှားအစိုးရက အိန္ဒိယနှင့်အခွန်မဲ့ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက မေ၂၄ရက်တွင် ဖော်ပြသည်။

တောင်အာရှနိုင်ငံများ၏ အင်အားခိုင်မာသည့် ပြည်တွင်းဈေးကွက်အပေါ် အခွင့်ကောင်းယူကာ အင်ဒိုနီးရှားအနေဖြင့်လည်း အိန္ဒိယ၊ အခြားအာဆီယံနိုင်ငံများနှင့် အခွန်မဲ့ကုန်သွယ်ရေးသဘောတူညီချက်ပြုလုပ်မည်ဟု ကုန်သွယ်ရေးဝန်ကြီး ပန်ဂျက်စ်တူက ဂျကာတာပို့စ်သတင်းစာသို့ ပြောကြားသည်။

ဆက်လက်ပြောကြား

အင်ဒိုနီးရှားက အာဆီယံ-အိန္ဒိယ အခွန်မဲ့ ကုန်သွယ်ရေးသဘောတူညီချက်ကို ဇွန် ၁ရက်တွင် အပြည့်အဝပြုလုပ်မည်ဖြစ်ပြီး တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့နှင့်လည်း အလားတူကုန်သွယ်ရေးသဘောတူညီချက်များ ပြုလုပ်ရန် စီစဉ်ထားကြောင်း ပန်ဂျက်စ်တူက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျမေကာ၌ အရေးပေါ်ကြေညာချက် ထုတ်ပြန်

ကင်စတန် မေ ၂၅

ဂျမေကာနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းနှင့် ရဲတပ်ဖွဲ့တို့ အဓိကရုဏ်းဖြစ်မှုများ မကြာခဏ ဖြစ်ပွားခဲ့ပြီးနောက် ဂျမေကာအစိုးရက ကင်စတန်မြို့တော်၏ ဒေသနှစ်ခုတွင် အရေးပေါ် အခြေအနေကြေညာထားကြောင်း အင်တာနက်သတင်းတစ်ရပ်၌ မေ ၂၄ရက်က ဖော်ပြထားသည်။

ပိတ်ဆို့

မူးယစ်ဂိုဏ်းသားများက ရဲစခန်းကို မီးရှို့ပြီး ကင်စတန်မြို့တော်၏ အနောက်ပိုင်း ဒေသတစ်လျှောက်ကို ပိတ်ဆို့ထားခဲ့ပြီးနောက် မြို့တော်တစ်ဝန်း သေနတ်ပစ်ခတ်သံများ ပေါ်ထွက်လာခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားစဉ် ရဲအရာရှိတစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိသည်။ အမေရိကန်က အလိုရှိနေသည့် ဂျမေကာမူးယစ်ရာဇာ ခရစ်တိုဖာဒူဒပ်စ်ကုတ်အား ဖမ်းထားမှု ရပ်ဆိုင်းပေးရန် မူးယစ်ဂိုဏ်းများက တိုက်ခိုက်ကြခြင်းဖြစ်သည်။

ဂျမေကာတာဝန်ရှိ ပုဂ္ဂိုလ်များက အခင်းဖြစ်ပွားရာဒေသမှ အမျိုးသမီးများနှင့် ကလေးငယ်များအား ဘေးကင်းရာသို့ ရွှေ့ပြောင်းထားသည်။ **(အင်တာနက်)**

အတွင်းမွန်ဂိုလီးယား၌ စာအုပ်ပွဲတော် ကျင်းပ

အူလန်ဘာတာ မေ ၂၅

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အူလန်ဘာတာမြို့၌ တရုတ်နိုင်ငံနှင့် တရုတ်ယဉ်ကျေးမှုကို မိတ်ဆက်ပေးရန် ရည်ရွယ်၍ ပထမအကြိမ် တရုတ်ဘာသာစကားဖြင့် ထုတ်ဝေသည့် စာအုပ်နှင့်ကျောင်းသုံးစာအုပ်ပွဲတော်ကို မေ ၂၄ ရက်က စတင်ကျင်းပကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အဆိုပါစာအုပ်ပွဲတော်ကို သုံးရက်ကြာကျင်းပလျက်ရှိပြီး တရုတ်နိုင်ငံနှင့် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား ယဉ်ကျေးမှုဆိုင်ရာ ပတ်သက်ဆက်နွယ်မှု၏ အရေးပါမှုကို သိရှိနားလည်စေလိုသဖြင့် ယင်းစာအုပ်ပွဲတော်ကို ကျင်းပရခြင်းဖြစ်သည်ဟု မွန်ဂိုလီးယား တက္ကသိုလ်မှ ပါမောက္ခချုပ် အက်စ်ကျူမာရီချာက ဖွင့်ပွဲအခမ်းအနား၌ ထည့်သွင်းပြောကြားသည်။

ပါဝင်ပြသ

စာအုပ်ပွဲတော်၌ တရုတ်နိုင်ငံမှ စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၃၆ ခု ပါဝင်ပြသခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဖိလစ်ပိုင် လေကြောင်းပို့ဆောင်မှု ယခုနှစ်အတွင်း တိုးမြင့်လာ

မနီလာ မေ ၂၅

ဖိလစ်ပိုင်လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် ၂၀၁၀ခုနှစ် ပထမသုံးလပတ်အတွင်း ခရီးသည်ပို့ဆောင်မှုမှာ ၁၅ ရာခိုင်နှုန်းတိုးလာပြီး ကုန်ပစ္စည်းတင်ပို့မှုမှာလည်း သုံးပုံတစ်ပုံခန့် တိုးလာကြောင်း ဖိလစ်ပိုင်မီဒီယာများက မေ၂၄ရက်၌ ကြေညာသည်။

ဖော်ပြ

ယခင်နှစ် အလားတူကာလက လေကြောင်းခရီးသည်ဦးရေမှာ ၃ဒသမ၄ သန်းရှိခဲ့ရာမှ ယခုနှစ်ပထမသုံးလပတ်တွင် ၃ဒသမ၈၉သန်းအထိ တိုးမြင့်လာကြောင်း မြို့ပြလေကြောင်းဘုတ်အဖွဲ့၏ ပြောကြားချက်ကို မနီလာစတန်တက်သတင်းစာက ကိုးကားဖော်ပြသည်။

(အင်တာနက်)

စာအုပ်ပွဲတော်ကျင်းပ

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပသည့် စာအုပ်ပွဲတော်တွင် ဒေသခံကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုနေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ရုရှားလုပ်လက်နက်များ အဆင့်မြှင့်တင်သွားမည်

ရုရှားနိုင်ငံ၏ စစ်လက်နက်ပစ္စည်းများကို ၂၀၁၅ ခုနှစ်အရောက်တွင် ၃၀ ရာခိုင်နှုန်းအထိ အဆင့်မြှင့်တင်မှုပြုလုပ်မည်ဖြစ်ကြောင်း၊ မကြာမီကပြုလုပ်ခဲ့သော အစွန်းရေးတို့၏ ပြည်တွင်းလုပ်လက်နက်များ စမ်းသပ်မှုပြုလုပ်ပြီးနောက် လက်နက်များအဆင့်မြှင့်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က မေ ၂၅ရက်၌ ပြောကြားသည်။

ယီမင်နိုင်ငံ၌ အမေရိကန်ဇနီးမောင်နှံ ပြန်ပေးဆွဲခံရ

ယီမင်နိုင်ငံ ဆင်ရာမြို့အနီးတွင် မေ ၂၅ ရက်နံနက်က အမေရိကန်ဇနီးမောင်နှံအား လက်နက်ကိုင်များက ပြန်ပေးဆွဲသွားခဲ့ကြောင်း၊ ၎င်းတို့၏ မော်တော်ယာဉ်ကို မောင်းနှင်လာသည့် ယီမင်နိုင်ငံသားယာဉ်မောင်းလည်း ဓားစာခံအဖြစ် ပါရှိသွားကြောင်း ယီမင်အရာရှိများက မေ ၂၅ရက်၌ ပြောကြားသည်။

ရုရှားမှ လက်နက်များ အယ်လ်ဂျီးရီးယား ဝယ်ယူမည်

အမေရိကန်မှ လက်နက်ရောင်းချမှု နှောင့်နှေးကြန့်ကြာမှုကြောင့် ရုရှားမှ လက်နက်များကို ဝယ်ယူဖြည့်ဆည်းရန် အယ်လ်ဂျီးရီးယားအစိုးရက ဆုံးဖြတ်လိုက်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် လက်နက်များလိုအပ်နေကြောင်း အယ်လ်ဂျီးရီးယား အရာရှိများက မေ ၂၅ရက်၌ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ တိုက်ခိုက်မှု ဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာရိုပြည်နယ် ဘာနေမြို့တွင် မေ ၂၅ ရက်နံနက်က လက်နက်ကိုင်များနှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများကပြောကြားသည်။

အီတလီနှင့်ဆီးရီးယား ရေကြောင်းကုန်သွယ်မှု စတင်

အီတလီနှင့် ဆီးရီးယားနှစ်နိုင်ငံတို့ ရေကြောင်းကုန်သွယ်မှု စတင်သည့်အနေဖြင့် မေ၂၅ရက် နံနက်က အီတလီသင်္ဘောတစ်စင်း ဆီးရီးယားနိုင်ငံ တာတော့စ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း ဆီးရီးယားဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

ပါကစ္စတန်နှင့် ဆက်ဆံရေးကောင်းမွန်ရန် အိန္ဒိယလိုလား

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်လိုလားကြောင်း၊ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဆက်ဆံရေးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက မေ ၂၄ရက်၌ ပြောကြားသည်။

စပိန်ဘုရင် ကျန်းမာရေး ကောင်းမွန်လာ

စပိန်ဘုရင် ဂွန်ကာလို့စ်သည် ဘာစီလိုနာမြို့ တော်ဝင်အကယ်ဒမီဆေးရုံ၌ လည်ချောင်းရောဂါခွဲစိတ်ကုသမှုခံယူပြီးနောက် ကျန်းမာရေးကောင်းမွန်လာသဖြင့် မေ၂၅ရက်တွင် ဆေးရုံမှပြန်ဆင်းခဲ့ပြီဖြစ်ကြောင်း စပိန်နိုင်ငံကျန်းမာရေးအရာရှိများက ယင်းနေ့၌ ပြောကြားသည်။

နိုင်ဂျီးရီးယားမြောက်ပိုင်း၌ လေယာဉ်ပျက်ကျ

*နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဒါဝါကင်တိုဖာမြို့အနီးတွင် မေ ၂၅ ရက်နံနက်က နိုင်ဂျီးရီးယားလေကြောင်းအတတ်ပညာကောလိပ်မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူများ ဒဏ်ရာရရှိခဲ့သော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း နိုင်ဂျီးရီးယားအရာရှိများကပြောကြားသည်။ ॥ **(အပေါ်ပုံ)***

(အင်တာနက်)

ဧရာဝတီတိုင်းအတွင်း သောက်သုံးရေ လုံလောက်စွာရရှိရေး
မြို့နယ်စည်ပင်အဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်

ပုသိမ် မေ ၂၅

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်နှင့် မြို့တို့ရှိ ကျေးရွာ၂၉၀တွင် သောက်သုံးရေ ရရှိရေးအတွက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၊ ဒေသအာဏာပိုင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကားများဖြင့် မေ ၁၆ရက်က ဖျာပုံမြို့နယ် မော်ဘီနှင့် အောက်ကွင်းကျေးရွာသို့ ရေဂါလန် ၄၈၀၀၊ ပန်းတနော်မြို့နယ် ကြိမ်ချောင်းကြီး၊ ကျွန်းသာယာ၊ စက်စမ်း၊ တောင်ကြီး၊ ဟေမန်၊ ငါးပိချောင်းနှင့် ခနန်းချောင်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၉၅၀၀၊ ငပုတောမြို့နယ် လိပ်ချောင်း၊ ကြောင်တော်ကုန်း **(အပေါ်ပုံ)**၊ စဥ့်အိုးဘိုနှင့် ဒယ်ကုန်းကျေးရွာများသို့ သောက်သုံးရေဂါလန်၄၈၀၀၊ အိမ်မဲမြို့နယ် ထိန်ငူနှင့် ကျောင်းစုကျေးရွာများသို့ သောက်သုံးရေဂါလန်၂၄၀၀၊ ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာသို့ သောက်သုံးရေဂါလန်၈၀၀တို့ကို အဖွဲ့ပိုင်ရေကားဖြင့် ဖြန့်ဝေပေးသည်။

အခမဲ့ဖြန့်ဝေ

မေ၁၇ရက်က လပွတ္တာမြို့ပေါ်ရှိ (၅)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၇)ရပ်ကွက်၊ ကျောက်ဖြူရွာ (၁)ရပ်ကွက်၊ (၂)ရပ်ကွက်၊ (၈)ရပ်ကွက်များတွင် သောက်သုံးရေဂါလန်၁၂၄၀၀၊ ဖျာပုံမြို့နယ်ရှိ ရပ်ကွက်များဖြစ်သော (၁၄) ရပ်ကွက်၊ (၁၅) ရပ်ကွက်နှင့် သမိန်ထော၊ ကံဆိပ်၊ ကိုးအိမ်တန်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၇၃၀၀၊ ကျိုက်လတ်မြို့ပေါ်ရှိ (၁)ရပ်ကွက်တွင် သောက်သုံးရေ ဂါလန် ၂၄၀၀၊ ဒေးဒရဲမြို့ပေါ်ရပ်ကွက်များဖြစ်သော (၂) ရပ်ကွက်၊ (၃)ရပ်ကွက်များသို့ သောက်သုံးရေဂါလန် ၄၈၀၀ တို့ကို အဖွဲ့ပိုင်ရေကားများဖြင့် ဖြန့်ဝေပေးခဲ့သည်။

(ဝ၈၆)

လေဘေးသင့် ပြည်သူများထံ ဆန်နှင့်ငွေများထောက်ပံ့

ဟိုပန် မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်တွင် ဧပြီ ၂၀ရက် ညနေ ၅နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ဌာနဆိုင်ရာ၊ ဘာသာရေးအဆောက်အအုံနှင့် ရပ်ကွက်ကျေးရွာလူနေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်၍ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌဦးသန်းစိန်နှင့် တာဝန်ရှိသူများသည် ဧပြီ ၂၆ရက်က လေဘေးသင့်ဒေသ နောင်မို၊ ပန်လော၊ ကောင်းကော်၊ ဟော်ပင်ကျိုင်းရွာများသို့သွားရောက်၍ အလှူရှင်ဦးကျင်ဝမ်း၊ ဦးကျန်ပါ၊ ဦးရောက်ချင်းနှင့် ဒေါ်စမ်းစမ်းထွေးတို့ စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း၂၀နှင့် ဆန်အိတ်များကို ထောက်ပံ့ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ချောက်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ကန်သာကျေးရွာအိမ်ခြေ ၄၇လုံး၊ လူဦးရေ ၃၅၀သို့ အဖွဲ့ပိုင်ရေသယ်ယာဉ်နှစ်စီးဖြင့် မေ ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (စက်မှု) ဦးသိန်းညွန့်ဟန်တို့ ကြီးကြပ်၍ ရေဖြန့်ဖြူးပေးမှုကို ကျေးရွာသူကျေးရွာသားများ မျှဝေသုံးစွဲကြစဉ်။

(မြို့နယ်စည်ပင်)

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်၊ ဟံသာဝတီ ၂၂ လမ်း အမှတ်(၈၁)နေ ဦးစန်းလွင် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံ)-ဒေါ်အေးအေးသန်း၊ မောင်သန့်ဇင်-မခင်ငြိမ်းအေးသန်း၊ ဒေါက်တာစုစုလတ်-မောင်မြင့်ကျော်အေး၊ မသိမ့်သိမ့်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဇဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စီမံကိန်းရည်မှန်းချက်များ ကျိုက်ထို၌ တာဝန်ပေးအပ်

ကျိုက်ထို မေ ၂၅

ကျိုက်ထိုမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာနွယ်က ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၀-၂၀၁၁ခုနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်အောင်ဝင်းကပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးစံအောင်က လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများကိုယ်စား ကော့ထင်းကျေးရွာဥက္ကဋ္ဌ ဦးစိုးလွင်ကလည်းကောင်း လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

အောင်မြေသာစံ ပြန်/ဆက် စာငှားကတ်စနစ် ကျင့်သုံးရေး ဆွေးနွေး

မန္တလေး မေ ၂၅

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ခိုင်မာ ရှင်သန်ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးဆွေးနွေးပွဲကို ဧပြီ၆ရက် ပြည်လုံးချမ်းသာရပ်ကွက်ရှိ ရပ်ကွက်စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်မောင်က အမှာစကား ပြောကြားပြီး စာကြည့်တိုက် ရှင်သန်ရပ်တည်နေမှုအခြေအနေကိုရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေး၊ ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Cho Byungjae သည် ယမန်နေ့ ညနေ ၃နာရီက နေပြည်တော်ရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်ထားသော စက်မှုသင်တန်းကျောင်း (သာဂရ)နှင့် တည်ဆောက်ဆဲ စက်မှုသင်တန်းကျောင်း (မကွေး)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

စိစစ်ရွေးချယ် အတည်ပြုရေး

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းသားများ စိစစ်ရွေးချယ်အတည်ပြုရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနား

တောင်ကြီး သူနာပြုသင်တန်းကျောင်း၌ ကျင်းပ

တောင်ကြီး မေ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်သူနာပြုနှင့်သားဖွားအသင်း၏ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၂ရက် နံနက် ၉နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံဝင်းရှိ သူနာပြုသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်မေရီက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ သဝဏ်လွှာကိုဖတ်ကြားသည်။

ချီးမြှင့်

ထို့နောက် အသင်းသို့ အလှူငွေပေးအပ်လှူဒါန်းသည့် အလှူရှင်များအား ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာတင်လှိုင်နှင့် ပြည်နယ်ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်တို့က ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အခမ်းအနားကိုကျင်းပရာ ပြည်နယ်သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်မေရီက သူနာပြုနေ့ ဆောင်ပုဒ်ဖြစ်သည့် **အရည်အသွေးပြည့်ဝစွာ ပြည်သူအတွက် ဆောင်ရွက်ပါ၊ နာတာရှည် ရောဂါမဖြစ်ရေး သူနာပြုများ ဦးဆောင်ပေး** ဆောင်ပုဒ်ဖြင့် မိတ်ဆက်ပြောကြားသည်။

ထို့နောက် United Pharma Co.,Ltd. မှ ကိုယ်စားလှယ် ဒေါက်တာထွန်းတင်က Myrae နှင့် PH Care အကြောင်း ဆွေးနွေးဟောပြောပြီး Delivering Quality, Serving Communities: Nurses Leading Chronic Care အကြောင်းကို သူနာပြုနှင့် သားဖွား သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်စန်းစန်းယဉ်က တင်ပြဆွေးနွေးသည်။ ထို့နောက် သက်ကြီးသူနာပြု ၃၀တို့အား ပူဇော်ကန်တော့ကြသည်။

(ခရိုင် ပြန်/ဆက်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းသားများ စိစစ်ရွေးချယ်အတည်ပြုရေး အစည်းအဝေး

အားကစားဝန်ကြီး သူရဦးအေးမြင့် တက်ရောက်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် မေ ၂၃ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ် သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းသားများ စိစစ်ရွေးချယ်အတည်ပြုရေး အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် ထူးချွန်သည့် အားကစားသမားများပေါ်ထွက်လာစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရွေးချယ်သွားရန် လိုအပ်ကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ထူးထူးကဲကဲ အောင်မြင်မှုများရရှိရေးအတွက် မျိုးဆက်သစ် အားကစားသမားများ ရှာဖွေစုဆောင်းလေ့ကျင့်သွားရေးအတွက် အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)၊ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများအတွက် သင်တန်းသား ရွေးချယ်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ သေနတ်ပစ်၊ ရေကူး၊ ပန်ကြပ်ဆီလတ် အားကစားနည်းတာဝန်ခံ နည်းပြများ၏ တင်ပြမှုကို စိစစ်အတည်ပြုသည်။

ရွေးချယ်ထားမှု

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းသား စိစစ်ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်)က မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝန်ကြီးရုံး)က သင်တန်းသား အရည်အချင်း ဆန်းစစ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း

ရေဒီယိုနှင့် စာအုပ် စာစောင်များ လှူဒါန်း

ရန်ကုန် မေ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲများ ကျင်းပလျက်ရှိရာ မေ ၂၂ ရက် နံနက် ၇ နာရီက ဖလုံဘူတာကျေးရွာ ရွှေလုံနေခြည် စာကြည့်တိုက်အဆောက်အအုံသစ်ကိုလည်းကောင်း၊ နံနက် ၉ နာရီတွင် ပျဉ်းမကုန်းကျေးရွာအုပ်စု တဘူးဝကျေးရွာ စာပေဗိမာန် စာကြည့်တိုက် အဆောက်အအုံသစ်နှင့် နံနက် ၁၁ နာရီတွင် ဘွက်ကုန်းကျေးရွာအုပ်စု သစ်ခေါင်းကြီးကျေးရွာ သုတဂုဏ် စာကြည့်တိုက်အဆောက်အအုံသစ်များကိုလည်းကောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဖွင့်ပွဲအခမ်းအနားများတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကိုယ်စား တန်ဖိုးငွေကျပ် ၇၅၅၀၀ရှိ သုတ၊ရသ စာအုပ်စာစောင် ၁၅၅အုပ်နှင့် ရေဒီယို တစ်လုံးတို့ကို သက်ဆိုင်ရာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌတို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ ဆက်)

ကျိုက်ထိုမြို့နယ် ကြာဖြူကျေးရွာတွင် စာအုပ် စာစောင်၊ ငွေပဒေသာပင်လှူဒါန်းပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

ကျိုက်ထို မေ ၂၅

ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအုပ်စု ကြာဖြူကျေးရွာ အလင်းရောင် (၂) စာကြည့်တိုက်အတွက် စာအုပ်စာစောင်၊ ငွေပဒေသာပင်လှူဒါန်းပွဲနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို မေ ၁၄ရက် နံနက် ၉နာရီက အမက ကြာဖြူကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက ကျေးရွာစာကြည့်တိုက် စံ(၅)ရပ်ပြည့်စုံရေးနှင့် စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှူး ဒေါ်ဝင်းငွေက အနာပဆုပ်ရောဂါအကြောင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ချောချောအေးက ပြစ်မှုဆိုင်ရာသိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင် ဒေါ်အိအိဇာခြည်ဖြိုးက ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်ခင်လှက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် လက်ဆေးခြင်းအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ စာစောင် ၇၅စောင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စာစောင် ၄၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ် စာစောင် ၅၀၊ နေ့စဉ်ထုတ်သတင်းစာများနှင့် စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရန်အတွက် ကျေးရွာမှ စုပေါင်းလှူဒါန်းငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အောက်ပုံ)**

ပြန်လည်သုံးသပ်

ဆက်လက်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရာ ကျေးရွာစာကြည့်တိုက်မှူး ဒေါ်ကေသီအောင်က မေ ၁၃ရက် မြန်မာ့အလင်းသတင်းစာပါ ကြယ်စင်နိုင်ရေးသားသည့် ဦးနှောက် အာဟာရဖြည့်စွမ်းဖို့ ဝိုင်းဝန်းကူညီပါဝင်စို့ ဆောင်းပါးကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အဖွဲ့ဝင် ဒေါ်သဲစုက ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ် (၈)မှ လူရွေးမမှား လူမှားမရွေး စေချင် ခေါင်းကြီးပိုင်းကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက် ဘဏ္ဍာရေးမှူး ဦးထိန်လင်းက ဒို့အားမာန်သတင်းလွှာ (၅/၁၀)မှ ဆေးလိပ်ဖြတ်ကြစို့ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်က ဖတ်ကြားမှုများအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးသည်။

(ပြည်နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၇-၅-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (နယုန်လပြည့်နေ့တရားတော်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (ရတနာမြတ်သုံးပါး)
၈:၃၅ တေးပဒေသာ
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ခွန်းဆင့်နေခြည်)
၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ (ဒေါက်တာ ဂျိမ်းဝပ်ဆင်)
၁၁:၅၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ရေအိုးစင်နှင့် ဇရပ်)
၁၂:၃၀ Music Talk (25) တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ အမှတ်တရတေးလက်ဆောင်
၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (လူကိုမစောင့်တဲ့အချိန်) တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ရေဒီယိုဇာတ်လမ်းတွဲများ **မြားတစ်စင်း၏လားရာ** (အပိုင်း-၁)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း **ကျန်းကျန်းမာမာချမ်းချမ်းသာသာ**
၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် (ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း)
၁၉:၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ(အဖော်မွန်)
၂၀:၅၀ သူ့လက်သံ (ဂီတာအောင်ရှိန်ရဲ့ ဂီတာလက်သံ) စီးပွားရေးဦးတည်ချက်
၂၁:၀၀ ဆောင်းပါး (ဆရာ့စကားများ)
၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း

✻ ရှေ့ဖုံးမှ

ရှင်လန်းတက်ကြွ

ဆက်လက်၍ ကျွန်တော်သည် ကြက်တူရွေးကျေးရွာအုပ်စုမှ မရင်လေးဆိုသူ အမျိုးသမီးအား နှုတ်ဆက်ရင်း စကားစမြည်ပြောကြည့်ရာ "ကျွန်မတို့ဒေသကို အစိုးရက လမ်းတွေဖောက်၊ တံတားတွေဆောက်ပေး၍ သွားလမ်းလာလမ်းများ သာလျက်ရှိကြောင်း၊ ယခင်က မော်တင်စွန်းကို သွားမည်ဆိုလျှင် မော်တော်များနှင့် ရေလမ်းတစ်လမ်းသာ သွား၍ရနိုင်ကြောင်း၊ ကုန်းလမ်းကသွားမည်ဆိုလျှင် ခြေကျင်သွားမှရကြောင်း၊ ယခုတော့ ကားနှင့်တိုက်ရိုက် သွားရတော့မည်ဖြစ်၍ လယ်ယာလုပ်ငန်းအပြီး အားရက်တွင် မော်တင်စွန်းဘုရားဖူး သွားနိုင်တော့မည်ဖြစ်ကြောင်း ရှင်လန်းတက်ကြွစွာဖြင့်" ပြောလာသည်။

အမှာစကားပြောကြား

ထိုစဉ် အခမ်းအနားစင်မြင့်မှ လမ်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကြွရောက်ပြီဖြစ်သဖြင့် နေရာယူပေးကြရန် အခမ်းအနားမှူးက ကြေညာလိုက်သည်။

ထို့နောက် လမ်းဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့က အမှာစကား ပြောကြားကြသည်။

ဖောက်လုပ်ဆဲ

ဧရာဝတီတိုင်း၏ လမ်းကွန်ရက် (၁၀)လမ်းအပေါ်တွင် တံတားကြီးငယ်ပေါင်း ၅၀၂စင်းကို တည်ဆောက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းအတွင်း ကတ္တရာလမ်း ၆၅၅မိုင် ၇ဖာလုံ၊ ခွဲကျောက်လမ်း ၃၈၉မိုင် ၁ဖာလုံ၊ အမာခံလမ်း ၁၈၃မိုင် ၂ဖာလုံနှင့် မြေလမ်း ၃၄၁မိုင် ၇ဖာလုံ စုစုပေါင်း လမ်းအရှည် ၁၅၇၀မိုင် ၁ဖာလုံ အထိ ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး လမ်းသစ်များကိုလည်း အမြန်ပြီးစီးအောင် ဖောက်လုပ်နေဆဲဖြစ်ကြောင်း။

တိုးတက်ဖောက်လုပ်နိုင်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်လျက်ရှိပြီး မိမိတို့ဌာန၏ အဓိကတာဝန်ကြီး (၄)ရပ်ဖြစ်သည့် လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံစသည့် စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် လမ်းအပိုင်းအနေဖြင့် ယခင်က ၁၃၆၃၅မိုင် သာရှိခဲ့ရာမှ ယခုအခါ ၂၁၃၆၁မိုင် ၂ဖာလုံ ရှိလာပြီဖြစ်၍ ၇၇၂၆မိုင် ၂ဖာလုံ တိုးတက် ဖောက်လုပ်နိုင်ခဲ့ကြောင်း။

ကာကွယ်နိုင်

ဧရာဝတီတိုင်းအတွင်း ကွန်ရက်သဖွယ် ဖြန့်ကြက်ထားသည့် လမ်းများမှ တစ်ဆင့် မိမိလိုရာခရီးကို အလွယ်ကူဆုံး ရွေးချယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊

မတော်ကုန်းရွာသား ကရင်အမျိုးသားကြီး ကိုစောညီမောင်က မိမိတို့ဒေသကို တံတားတွေဆောက်၊ လမ်းတွေဖောက်ပေး၍ အစိုးရကို ကျေးဇူးတင်ကြောင်း ပြောကြားစဉ်။

ဧရာဝတီတိုင်းအတွင်းတွင် ၁၉၈၈ခုနှစ်မှ ယနေ့အထိ မေ ၁၈၀နှင့် အထက်တံတား ၃၉စင်းနှင့် မေ ၁၈၀အောက် တံတား ၃၁၂စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလည်း ရာဇဒိုင် အမှတ်(၁) တံတား၊ ကားလမ်းနှစ်လမ်းနှင့် ရထားလမ်း တစ်လမ်းပါရှိသော ဧရာဝတီမြစ်ကူး ဧည့်ဥယျာဉ်တုန်းတံတားတို့ကို တည်ဆောက်နေကြောင်း၊ ထို့အပြင် ပင်လယ်ပိုင်းဒေသတွင် အရေးပေါ်ခိုလှုံနိုင်ရန် တည်ဆောက်ထားသည့် Cyclone Shelter အလုံး ၂၀ တည်ဆောက်ပြီးဖြစ်ကာ ယခု အသစ်ရှစ်လုံး ထပ်မံတည်ဆောက်နေပြီဖြစ်၍ အားလုံး ၂၈လုံး ရှိလာပြီး အရေးပေါ် သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်တော့မည် ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုဆိုလျှင် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့၌ လမ်းသစ်၊ တံတားသစ်များ တိုးတက် တည်ဆောက်ပေးလျက်ရှိသဖြင့် ဧရာဝတီတိုင်းမှ ထွက်ကုန်ပစ္စည်းများ ဒေသအားလုံးသို့ လျင်မြန်စွာ ပို့ဆောင်နိုင်ကြမှာဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရောင်းဝယ်မှုများ ဖွံ့ဖြိုးစည်ပင်မှုနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို တိုးတက်မြင့်မားလာတော့မှာဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းအကောင်အထည်ဖော် တည်ဆောက်သွားကြရန်နှင့် နိုင်ငံတော်က အလေးထားဖောက်လုပ်ပေးခဲ့သည့် ဤလမ်းမကြီးစံချိန်စံညွှန်း ပိုမိုရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသွားကြပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

မချီးကျူးဘဲမနေနိုင်

မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြီးပေါ်တွင် ယခုအခါ ရထားလမ်းနှင့် ကားလမ်းတွဲလျက် တံတားကြီး လေးစင်းနှင့် ရိုးရိုးကားကူးတံတား တစ်စင်း ပေါင်း ငါးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများက တစ်ပြိုင်တည်းတည်ဆောက်လျက်ရှိနေပြီး မြန်မာနိုင်ငံ ဒေသအသီးသီးတို့တွင် ပေ ၁၈၀အထက် တံတားအစင်း ၃၀၀ကျော် တည်ဆောက်ထားရှိပြီးဖြစ်ကြောင်း ကြားသိရ၍ မြန်မာအင်ဂျင်နီယာကြီးများ၏ စွမ်းပကားအား စာရေးသူအနေဖြင့် မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ရပါသည်။

သာယာစွာပေါ်ထွက်

လမ်းဖွင့်ပွဲကား အခမ်းအနားမှူး၏ အောင်မြင်စွာပြီးဆုံးပြီဖြစ်ကြောင်း ကြေညာချက်နှင့်အတူ ပြီးဆုံးခဲ့လေပြီ။ ဖျော်ဖြေရေးစင်မြင့်မှ တေးရေး - ခင်မောင်မြင့် (စစ်ကိုင်း)ရေးစပ်ပြီး တေးဆို-ယဉ်ဝေယံထွန်း သီဆိုထားသည့် "ကွန်ရက်သဖွယ် သွယ်ယှက်တန်း မော်တင်စွန်းလမ်း" ဆိုသည့် တေးသံက သာယာစွာ ပေါ်ထွက်လာပါတော့သည်။

"ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း × အချိန်အခါမလပ်ပါ × သွားရောက်လို့လှမ်း×အောင်ပန်းဆင်လို့မမောမပန်း× ပြည်သူ့အတွက် ဒို့ရှင်လန်း × လမ်းညွှန်သည်နှင့် အကောင်အထည်ဖော်စွမ်း လမ်းလုပ်ငန်းကုမ္ပဏီများရဲ့ လုပ်အားတွေလျှမ်း × တံတားဆောက်ရန် ကုမ္ပဏီများနှင့်ပေါင်းစည်းတဲ့အကျိုး အချိန်တိုတိုအောင်ပွဲကိုကြို × အခက်အခဲများ ကျော်လွှားနိုင်ရန် × ဆောက်လုပ်ရေးလမ်းလုပ်ငန်းအဖွဲ့ × တံတားတည်ဆောက်ရေးအဖွဲ့ × အထူးအဖွဲ့အမြောက်အမြား ထပ်တိုးကာ × အားဖြည့်လို့ကြိုးပမ်း × ဆောက်လုပ်ရေးရဲ့ ဂုဏ်ပြုတဲ့လမ်း × ပုသိမ်-မော်တင်စွန်းလမ်း။

နိုင်ငံတော်ရဲ့ရည်မှန်းကာလ ပြီးစီးစွာဆောင်ရွက်ကြ × မိုင်အားဖြင့် (၉၆)× ကတ္တရာလမ်းသား ၁၂ပေကျယ် × လမ်းပခုံးတစ်ဖက်ဝယ် သုံးပေစီဆွယ် × ၁၈ ပေ အကျယ်လမ်း × ဖြောင့်ဖြောင့်ဖြူးဖြူးသွားပါစေမပန်း × ပုသိမ်မြို့ရဲ့အနီး တောင်ဘက်ကိုလှမ်း × မော်တင်စွန်းဆိုအလှကြွယ်စခန်း × ဆံတော်ရှင်ဘုရားနှင့် ဖောင်တော်ဦးစေတီ × ဖူးမြော်ကြတူညီ × ဆုထူးပန်ကြဲရှယ်မှန်း × အမျိုးဘာသာ သာသနာ × အကျိုးပြု စွမ်းနိုင်စွမ်း × မြင့်မြင့်မားမား ဆောင်ရွက်ကြဖို့ ဒို့ရည်မှန်း။

မြင့်မားတဲ့ လုပ်အားအကျိုး × ဒို့ပြည်ရွာဖွံ့ဖြိုး × အကျိုးဆက်ဆက် ဒို့မျှော်ကိုး× လမ်းတံတားရဲ့ မညှိုးအစွမ်း × ဆောက်လုပ်ရေးက အစဉ်ကြိုးပမ်း × ပြည်သူတွေရဲ့အပြုံးပန်း။

အုပ်ချုပ်-စီးပွား-လုံခြုံ-စည်းလုံး-လူမှုရေးတွေ အထင်အရှားတွေ့နိုင်ပေ × လမ်းတံတားရဲ့ ဒို့စွမ်းအင် × ဆောက်လုပ်ရေးရဲ့ လုပ်အားရှင် × ပြည်သူအတွက် အစဉ်ကြိုးပမ်း×လက်ဆောင်ပန်းတစ်ခု× ပေးခဲ့ပြီ နိုင်ငံတစ်ဝန်း × နှစ်သစ်ကူးရဲ့ လက်ဆောင်ပန်း×ချောင်းသာ-ငွေဆောင် အပန်းဖြေစခန်း တစ်ဆင့်တက်လို့ ခရီးဆက်မှန်း × ကုသိုလ်ရေးအတွက် မော်တင်စွန်းသို့လှမ်း × အားလုံးပြည့်စုံ ဒို့ခရီးလမ်း တိုင်းရောအတွက် အလှဝေစည်ဖုန်း"။ ။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၂၅

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၂၀)တွင် Political Time အထူးအချပ်ပိုအပါအဝင် မင်္ဂလာဈေးကြီး မီးလောင်ပြန်ပြီ စက်ရပ်သတင်းနှင့် နိုင်ငံရေးပါတီများ ထုဆစ်ပုံဖော်ရမည့် မြန်မာ့စီးပွားရေး အခင်းအကျင်းသစ် မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေး သတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် မောင်သာနုရေးသားသည့် ရွေးကောက်ပွဲအပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များ၊ ဆရာနောင်ဦးရေးသားသည့် အာဏာရကောင်းနှင့် အတိုက်အခံကောင်း၊ ဆရာမျိုးဇော်ရေးသားသည့် အမျိုးသားရေးဝါဒနှင့် သုံးနားညီတြိဂံစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ သဘာဝဘေးအန္တရာယ်အရေးပေါ် အချက်ပေးအသံချဲ့စက်များ မုန်တိုင်းသင့်ကျေးရွာများတွင် တပ်ဆင်မည်၊ မြန်မာ-ဂျပန်ပူးပေါင်း၍ မြစ်ဝကျွန်းပေါ်ဒေသတွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် မိုဘိုင်းလ်သင်္ဘောဖြင့် လှည့်လည်ပညာပေး၊ ကြယ်ငါးပွင့်ကမ်းရိုးတန်းသွား သင်္ဘောသားများ အာဆီယံနှုန်းအတိုင်း လစာရမည်ဟုဆို၊ ဆိုးလ်၏ လူမှုဘဝ ရှုခင်းများ၊ ခရီးသွားဆောင်းပါး၊ ခေါင်းဆောင်ကောင်းဖြစ်ဖို့ ဘယ်လိုအရည်အချင်းတွေနဲ့ ပြည့်စုံဖို့လိုအပ်သလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အသေးသုံးငွေစက္ကူနှင့် အကျပ်အတည်း၊ အောင်မြင်မှုအတွက် ကိုယ့်ဂုဏ်သိက္ခာနဲ့ လဲရမယ့်အလုပ်ကို ဘယ်တော့မှမလုပ်ဘူး အိဖြိုးချယ်ရီနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ခေတ်နောက်ကျသော ဝတ်စားဆင်ယင်မှုကြောင့် ဂျပန်ဝန်ကြီးချုပ်အပေါ် လူကြိုက်နည်း၊ ဩစတြေးလျသူ ဆယ်ကျော်သက်မိန်းကလေးတစ်ဦး ရွက်လှေဖြင့် ခုနစ်လကြာ တစ်ကိုယ်တော်အောင်မြင်စွာ ကမ္ဘာပတ်ရွက်လွှင့်၊ အမေရိကန်သူဘွားဘွား အသက် (၉၄)နှစ်ရောက်မှဘွဲ့ရ၊ အမျိုးသားတစ်ဦးက အမျိုးသမီးငယ်ခြောက်ဦးကို အကြောင်းမဲ့ ဓားဖြင့်ခုတ်ပြီး မိမိကိုယ်မိမိ အဆုံးစီရင် မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**သံသရာလမ်းညွှန်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၂)
၈း၃၀	Sports World
၈း၅၅	Activities in the City (GS Battery Sales Promotion & Customer Dinner Party)
၉း၀၅	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၉း၁၅	ယွန်းဆိုသည်မှာ.... (အပိုင်း-၂)
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၀၅	မြန်မာနိုင်ငံဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်းစနစ် ရွှေရတု
၁၀း၃၀	Milestones of Contemporary Music Selection
၁၀း၅၅	Industrial Talk [ဒေါက်တာ သန်းထိုက်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁း၂၅	ဗီဒီယိုပြခန်း
၁၁း၄၅	အရက်အန္တရာယ် (သိပ္ပံမှူးတင်)
၁၂း၁၀	ဓာတ်ပုံထဲမှ အမှတ်တရများ ဦးဝင်းနိုင် (အနုပညာ)
၁၂း၄၀	မြန်မာစာ မြန်မာစကား
၁း၀၀	**သံသရာလမ်းညွှန်** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (အိမ်ငှားနေတာ ကောင်းတယ်၊ အိမ်ငှားမနေတာ ကောင်းတယ်)
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၂)
၄း၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဘိုင်စကုပ်ထဲကလိုချစ် ရိုက်ကွင်းအမှတ်တရ)
၄း၄၀	ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော် စေတီတော်
၄း၅၅	Activities in the City (GS Battery Sales Promotion & Customer Dinner Party)
၅း၁၅	ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ ဦးဝင်းနိုင် (အနုပညာ)
၆း၄၅	ဗီဒီယိုပြခန်း
၇း၀၅	Milestones of Contemporary Music Selection
၇း၂၅	Shooting Location (မျက်ချယ်ခြီ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အိမ်ငှားနေတာ ကောင်းတယ်၊ အိမ်ငှားမနေတာ ကောင်းတယ်)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၂)
၁၀း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၅	Shooting Location (မျက်ချယ်ခြီ)
၁၀း၅၀	Industrial Talk
၁၁း၁၅	ရလဒ်ကောင်းများနှင့် Organic
၁၁း၃၀	မြန်မာနိုင်ငံ ဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်းစနစ် ရွှေရတု
၁၁း၄၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေဗိမာန် စာမူဆုရစာအုပ်များ ဖြန့်ချိ

ရန်ကုန် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည် ဒုတိယဆုရ မင်းဗေဒါ(ပွင့်ဖြူ) ရေးသားသည့် **ရင်မှာဖြစ်သည့် ချစ်ခြင်းတစ်သစ္စာ** စာအုပ်၊ ပြဇာတ်စာပေ ဒုတိယဆုရ ဇင်မင်း (သမိန်ထော)ရေးသားသည့် **ရင်ခွင်နွေး** စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ခင်လပြည့်ဝင်းရေးသားသည့် **အမေနှင့်နေခဲ့ရသည့် နေ့ရက်များ** စာအုပ်တို့ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ အဆိုပါ စာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးလွင်ဦး ၂၀၁၀ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း

ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

၂၀၁၀ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးကြီး လွင်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြိုင်ပွဲကို မေ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်လှမြင့်

ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၅

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်နှင့် ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၇ရက် နံနက် ၇နာရီတွင် ဧရာဝတီတိုင်း ကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးထွန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါ ခန်းမ၌ကျင်းပရာ တိုင်း၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

သင်တန်းတွင် တိုင်းကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် တိုင်းဥပဒေ အရာရှိနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ခရိုင်ဥပဒေအရာရှိများက မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင် ၁၃၀တို့အား ရွေး ကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ များကို ရှင်းလင်းဆွေးနွေး ပို့ချကြ သည်။

အလားတူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်လှမြင့်သည် ခရိုင်၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မေ ၁၈ရက် ညနေ ၃နာရီတွင် ပုသိမ်ခရိုင် ကော်မရှင်အဖွဲ့ခွဲရုံး၌လည်းကောင်း၊ မေ ၁၉ရက် နံနက် ၇နာရီတွင် မြောင်းမြ ခရိုင်နှင့် လပွတ္တာခရိုင် ကော်မရှင် အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြား သည်။

တွေ့ဆုံ

ထို့အတူ ပြည်ထောင်စုရွေးကောက် ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့် သည် မေ ၂၀ရက် နံနက် ၇နာရီတွင် ဟင်္သာတခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် မအူပင်ခရိုင်နှင့် မြို့နယ် ကော်မရှင် အဖွဲ့ခွဲဝင်များနှင့်လည်း ကောင်း၊ မေ ၂၁ရက် နံနက် ၇နာရီတွင် ဖျာပုံခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိ... မှာကြားခဲ့...

ကျောင်းဖွင့်...

❒ ရှစ်ရပ်ခွင်မှာ အုံ့ကာမှိုင်းလို... တိမ်လှိုင်းလေနှင် ရွှေတော့... မိုးမင်းသားရေ မှုမကဲနဲ့... ဖွဲဖွဲလေးတော့ ရွာပါကွယ်...

❒ ကျောင်းဖွင့်ရာသီ လူစည်... ကျောင်းကိုသွားကြ ပျော်... လွယ်အိတ်လေးလွယ် ထီး... ခေါင်းလောင်းထိုးမီ သွား...

❒ ကျောင်းခန်းအဝင် ဆရာမ... ပြုံးရွှင်ပျလို့ နှုတ်ဆက်တ... 'မင်္ဂလာပါ' အားလုံးထ... နှုတ်ခွန်းဆိုကြ ညီညာကွ...

❒ စိတ်သစ်လူသစ် အားမာန်... နှစ်သစ်ကြိုလို့ စာသင်မယ်...

❒ ပညာတတ်ရင် ပြည့်စွမ်းအ... စာကိုကြိုးစား သင်ယူကွ... နောင်တစ်ခေတ်မယ် ဒို့ပြ... 'မောင်' 'မယ်' ခေါင်း... ဖြစ်စေကွယ်၊ ဖြစ်စေကွယ်...

မင်းရွှေမ...

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲအခမ်းအနား မင်းတပ်မြို့၌ ကျင်းပ

မင်းတပ် မေ ၂၅

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းမှ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက် ၉နာရီက မင်းတပ်မြို့ အထက(၁)ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက် ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာဘမောင် တက်ရောက် ပြီး အဖွင့်အမှာစကား ပြောကြား သည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဘမောင်၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲ ဝင်များက ခရိုင်နှင့် မြို့နယ် ကော်မရှင် အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်း ဆွေးနွေး ပို့ချခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ဒေါက်တာပီလာဆွန်ဒါရာရာဂျမ် ရှေရှာဒရီအား

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာအာလွတ်ခ်ဆန်၏နေရာတွင် ဒေါက်တာပီလာဆွန်ဒါရာရာဂျမ် ရှေရှာဒရီအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

ဒေါက်တာပီလာဆွန်ဒါရာရာဂျမ် ရှေရှာဒရီကို ၁၉၅၃ခုနှစ် ဖေဖော်ဝါရီလ ၇ရက်တွင် မွေးဖွားခဲ့ပြီး အသုံးချ သင်္ချာဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။ ဒေါက်တာပီလာဆွန်ဒါရာရာဂျမ် ရှေရှာဒရီသည် ၁၉၇၈ခုနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနနှင့် နိုင်ရိုဘီ၊ ဘရပ်ဆဲလ်၊ တီဟီရန်နှင့် ဗန်ကောက်မြို့များရှိ အိန္ဒိယသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင် ခဲ့သည်။ ၎င်းသည် ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ နယူးဒေလီမြို့ရှိ ကုန်သွယ်ရေးဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန် အဖြစ်လည်းကောင်း၊ ၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ဝါရှင်တန်မြို့ရှိ အိန္ဒိယသံရုံးတွင် သံအမတ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ဆလိုဗေးနီးယားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မုတ်သုံလေ ဆက်လက်အားကောင်းဖွယ်

နေပြည်တော် မေ ၂၅

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စစ်တွေမြို့တွင် ၈ဒသမ ၉၇လက်မ၊ သံတွဲမြို့တွင် ၇ဒသမ ၁၂လက်မ၊ အမ်းမြို့တွင် ၆ဒသမ ဝ၆လက်မ၊ မော်လိုက်မြို့တွင် ၅ဒသမ ၆၃လက်မ၊ ကျောက်ဖြူမြို့တွင် ၄ဒသမ ၈ဝလက်မ၊ သိမ်ဇရပ်မြို့တွင် ၄ဒသမ ၂၈လက်မ၊ ကျောက်တော်မြို့တွင် ၄ဒသမ ၁၇လက်မ၊ မချမ်းဘောမြို့တွင် ၃ဒသမ ၇၄လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ဒသမ ၄၂လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၃ဒသမ ၁၅လက်မ၊ ဆင်ဖြူကျွန်းမြို့တွင် ၂ဒသမ ၄၀လက်မ၊ မင်းဘူးမြို့တွင် ၂ဒသမ ၁၇လက်မနှင့် ချောက်မြို့တွင် ၁ဒသမ ၈၉လက်မတို့ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက် ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်း ရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

<u>မေ ၂၆ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်း တိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈ဝဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ် နိုင်သည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မုတ်သုံလေ ဆက်လက်အားကောင်းမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၅

၂၀၁၀ခုနှစ် မေ၁၂ရက်မှ ၂၃ရက် အထိ မလေးရှားနိုင်ငံ၌ ကျင်းပပြီးစီး ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲနှစ်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်း အုပ်ချုပ်သူ၊ နည်းပြ ဦးစိုးကျော်နိုင် ဦးဆောင်သော အောင်ပွဲရ မြန်မာ့ လက်ရွေးစင် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အဖွဲ့သည် ယမန်နေ့ ညနေ ၃နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။**(အပေါ်ပုံ)**

ကြိုဆိုနှုတ်ဆက်

အောင်ပွဲရ မြန်မာ့လက်ရွေးစင် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်အဖွဲ့ အား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ အထွေထွေအတွင်း ရေးမှူး ဦးအောင်လှဟန်၊ လက်ရွေးစင် အသင်းနည်းပြချုပ် ဦးကိုကိုလေး၊ Air Bagan Ltd. မှ ဒါရိုက်တာ ဦးကျော် ညိုလင်းနှင့် ဆွေမျိုးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာ့လက်ရွေးစင် လူငယ် မျိုးဆက်သစ် အမျိုးသမီး ဂေါက်သီး အားကစားသမား မယဉ်မေမျိုးသည် မလေးရှားနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲနှစ်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရာတွင် ပထမပွဲဖြစ်သော မလေးရှားနိုင်ငံ SEREMBAN INTERNATIONAL Golf Club တွင် မေ ၁၄ရက်မှ ၁၅ရက်အထိ ကျင်းပ သည့် 27th Men & 19th Ladies Amateur Open Golf Championship ပြိုင်ပွဲတွင် သုံးရက်ပေါင်း ရိုက်ချက် ၇၄၊ ၇၆၊ ၇၄ဖြင့် စုစုပေါင်း ရိုက်ချက် ... ကို ထိုက်... ဖြစ်သော ... ကျင်းပသ... Amateur... onship ... ပြိုင်ပွဲတွင်... ၁၂နှင့် အ... များ ရ... သည်။

မန္တလေးမြို့ပေါ် အခြေခံပညာကျောင်း... ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်...

နေပြည်တော် မေ ၂...

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြား... ယနေ့တွင် မန္တလေးမြို့ပေါ်ရှိ အမှတ် (၁/၄/၈/၁၁... ကျောင်းများ၊ မြို့ပေါ်ရှိ အခြေခံပညာအလယ်တန်း... ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်...

ကျောင်းဖွင့်ချိန်

❒ ရှစ်ရပ်ခွင်မှာ အုံ့ကာမှိုင်းလို့
တိမ်လှိုင်းလေနှင် ရွှေ့တော့တယ်။
မိုးမင်းသားရေ မှုမကဲနဲ့
ဖွဲဖွဲလေးတော့ ရွာပါကွယ်။

❒ ကျောင်းဖွင့်ရာသီ လူစည်ကားလို့
ကျောင်းကိုသွားကြ ပျော်လှတယ်။
လွယ်အိတ်လေးလွယ် ထီးကိုဆောင်းလို့
ခေါင်းလောင်းထိုးမီ သွားကြမယ်။

❒ ကျောင်းခန်းအဝင် ဆရာမက
ပြုံးရွှင်ပျလို့ နှုတ်ဆက်တယ်။
'မင်္ဂလာပါ' အားလုံးထလို့
နှုတ်ခွန်းဆိုကြ ညီညာကွယ်။

❒ စိတ်သစ်လူသစ် အားမာန်သစ်နဲ့
နှစ်သစ်ကြိုလို့ စာသင်မယ်။

❒ ပညာတတ်ရင် ပြည့်စွမ်းအားမို့
စာကိုကြိုးစား သင်ယူကွယ်။
နောင်တစ်ခေတ်မယ် ဒို့ပြည်ကောင်းဖို့
'မောင်' 'မယ်' ခေါင်းဆောင်ဖြစ်ရမယ်။
ဖြစ်စေကွယ်၊ ဖြစ်စေကွယ်။ ။

မင်းရွှေမင်း (အင်းစိန်)

ကောင်း၊ မေ ၂၁ရက် နံနက် ၇နာရီတွင် ဖျာပုံခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ် ...လည်ရောက်ရှိ

မေ ၁၄ရက်မှ ၁၅ရက်အထိ ကျင်းပသည့် 27th Men & 19th Ladies Amateur Open Golf Championship ပြိုင်ပွဲတွင် သုံးရက်ပေါင်း ရိုက်ချက် ၇၄၊ ၇၆၊ ၇၄ဖြင့် စုစုပေါင်း ရိုက်ချက် ၂၂၄ချက်ဖြင့် ပထမဆုဖလားကို ထိုက်တန်စွာ ရရှိခဲ့ပြီး ဒုတိယပွဲဖြစ်သော မေ၂၀ရက်မှ ၂၃ရက်အထိ ကျင်းပသည့် 108th Malaysian Amateur Open Golf Championship ဂေါက်သီးရိုက် အကျော့မဲ့ ပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့် ၁၂နှင့် အကျော့ပေးပြိုင်ပွဲ၌ ပထမဆုများ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံမှု ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ယနေ့တွင် မန္တလေးမြို့ပေါ်ရှိ အမှတ် (၁/၄/၈/၁၁) အခြေခံပညာအထက်တန်းကျောင်းများ၊ မြို့ပေါ်ရှိ အခြေခံပညာအလယ်တန်းကျောင်းများ၌ ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဤရေလှောင်တမံကြီးရှိခြင်းကြောင့် မြစ်သား၊ ကျောက်ဆည်၊ တံတားဦးနှင့် ဝမ်းတွင်းမြို့နယ်များသည် မိုးစပါး အောင်မြင်စွာ စိုက်ပျိုးနိုင်သည့်အပြင် နွေစပါးနှင့် အခြားသီးနှံများကိုပါ စိုက်ပျိုးလျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိ။

❍ *ကျော့ဖုံးမှ*

မြန်မာ့အလင်းသတင်းခရီးသည်တို့သည် မေလဆန်းပိုင်းက ကျောက်ဆည်ခရိုင်သို့ ဒေသဖွံ့ဖြိုးရေးဆောင်းပါးများ ရေးသားရန်ရောက်ရှိခဲ့ကြသည်။ ယခုနှစ် မြန်မာနိုင်ငံအတွင်း မုတ်သုံဝင်ရောက်မှု နောက်ကျခဲ့သဖြင့် မေလလယ်အထိ မိုးရွာသွန်းခြင်းမရှိဘဲ ချစ်ချစ်တောက် ပူပြင်းခဲ့သည်။ သို့သော် ဝမ်းတွင်းမြို့နယ်အစပ်မှစပြီး နွေစပါး၊ ငွေချည်(၆)ချည်မျှင်ရှည်ဝါနှင့် ငရုတ်စိုက်ခင်းများ ရှုမျှော်မဆုံးအောင် တွေ့ခဲ့ရသဖြင့် တအံ့တသြ ငေးမောခဲ့ရသေးသည်။

ကြည်နူးခြင်းရသ

မြစ်သားမြို့နယ် အတွင်းသို့ ဝင်လာသည်နှင့် ထူးထူးခြားခြား ပွင့်ဖူးဆင်နေသော နှမ်းခင်းများ၊ နွေစပါးခင်းများကို ထပ်မံတွေ့ရ၍ အံ့သြခြင်းနှင့် ကြည်နူးခြင်းရသကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။

ဤသို့ ထူးခြားနေသည့် ရာသီဥတုအကြောင်းတရားကြောင့် တစ်ခုခုတော့ ဖြစ်နေလိမ့်မည်ဟု အောက်မေ့မိသည်။ ထင်သည့်အတိုင်းမှာပင် ကူမဲကိုရောက်တော့ ကင်းတားရေလှောင်တမံသို့ ၂၁မိုင်ဟု ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ ကူမဲမြို့သည် ဒေသ၏ လယ်ယာထွက်ကုန်များအပေါ် အခြေခံလျက် တိုးတက်ပြောင်းလဲလာသော မြို့တစ်မြို့ဖြစ်သည်။ ယင်းမြို့သည် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးပေါ်ရှိ မြို့တစ်မြို့လည်းဖြစ်ပြီး မြစ်သားမြို့နယ်အတွင်း ပါဝင်သည်။

ကင်းတားရေလှောင်တမံ

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် ဤကူမဲမြို့မှ အရှေ့တောင်ဘက်ရှိ ကင်းတားရေလှောင်တမံသို့ မော်တော်ယာဉ်ဖြင့် ခရီးဆက်ကြရာ လမ်းတစ်လျှောက် နွေစပါး၊ နွေနှမ်းနှင့် ငွေချည်(၆) ဝါစိုက်ခင်းများ တစ်မျှော်တစ်ခေါ် တွေ့ရခြင်းမှာ အစိမ်းရောင်ကမ္ဗလာကြီး ခင်းထားသည်နှင့်တူပေ၏။ ကူမဲမြို့မှ ထွက်ခွာလာပြီး မကြာမီ ကွန်ကရစ်တံတားတစ်ခုကို ဖြတ်ကျော်ရ၏။ ဤကွန်ကရစ်တံတားမှာ ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းမကြီးကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။ ဤရေမြောင်းကြီးမှာ ရေလုံးရေအား ကောင်းသဖြင့် မြစ်ငယ်တစ်စင်းပမာ ရေများ တသွင်သွင် စီးဆင်းနေ၏။

"မြစ်သားမြို့နယ်မှာ ကင်းတားဆည်ရေနဲ့ ငွေချည်(၆)ဝါ စိုက်ပျိုးပါတယ်။"

ဦးသာရင် (တောင်သူ)
လမ်းခွကျေးရွာ။

တည်ဆောက်ထားခြင်း ဖြစ်သည်။ ၄င်းရေလွှဲဆည်မှာ ရေလွှဲဆည်ဟု ဆိုသော်လည်း ရေလှောင်တမံကဲ့သို့ ရေများ နက်ရှိုင်းစွာ သိုလှောင်ထားသည်ကို တွေ့ရသည်။ ဤရေလှောင်တမံကြီးသည် ပထမ မြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အနော်ရထာမင်း လက်ထက်မှ အစပြုကာ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့ပြီး ၁၉၈၆ခုနှစ်က အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ငွေချည်(၆) ဝါစိုက်ခင်း

ကင်းတားဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ဝါစိုက်ခင်းကို ဤသို့ တွေ့ရသည်။

ပြုပြင်ထိန်းသိမ်း

ထိုရေမြောင်းမကြီးမှ ထွက်ခွာလာပြီး မကြာမီ ကင်းတားရေလွှဲဆည်သို့ ရောက်သည်။ ဤရေလွှဲဆည်မှာ ကင်းတားရေလှောင်တမံကြီးမှ လျှပ်စစ်ဓာတ်အားထုတ်ယူစဉ် လျှံကျလာသောရေများကို ရေလွှဲဆည်အဖြစ်

"ကျွန်တော်တို့ဒေသမှာ ဒီရေလှောင်တမံကြီး ရှိခြင်းကြောင့် လယ်မြေတွေမှာ စပါးစိုက်နိုင်သလို၊ ယာမြေတွေမှာလည်း ငွေချည်(၆)ဝါနဲ့ နှံနှမ်းတို့ကို စိုက်ပျိုးနေကြရတာ ဖြစ်ပါတယ်"ဟု မြစ်သားမြို့နယ် လမ်းခွကျေးရွာမှ ဝါစိုက်တောင်သူ ဦးသာရင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အထောက်အကူပြု

မည်သို့ပင်ရှိစေကာမူ ဤရေလှောင်တမံကြီး ရှိခြင်းကြောင့် မြစ်သား၊ ကျောက်ဆည်၊ တံတားဦးနှင့် ဝမ်းတွင်းမြို့နယ်များသည် မိုးစပါး အောင်မြင်စွာ စိုက်ပျိုးနိုင်သည့်အပြင် နွေစပါးနှင့် အခြားသီးနှံများကိုပါ စိုက်ပျိုးလျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြစ်သားမြို့နယ် ကင်းတားဆည်ရေဖြင့် နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

လက်ဝဲမြောင်းမကြီး

ကင်းတားရေလှောင်တမံ၏ လက်ဝဲ မြောင်းမကြီးအတွင်း ဆည်ရေများ ထုတ်လွှတ်ပေးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

နွေရာသီနှင့် ဝမ်းလျှော ဝမ်းပျက်ရောဂါ

မောင်လှုမွန်
(တိုင်းရင်းဆေးသုတေသနနှင့်ဖွံ့ဖြိုးရေး)

မြန်မာ့တိုင်းရင်းဆေးပညာအလိုအရ ဥတုရာသီသည် များစွာအရေးပါလှသည်။ ဥတုရာသီဟူရာ၌ ဥတုကြီး(၂)ပါး၊ ဥတု(၃)ပါး၊ ဥတုငယ် (၆)ပါးဟု ခွဲခြားသတ်မှတ်ထားသည်။ ဝါဆိုလပြည့်ကျော် ၁ရက်မှ ပြာသိုလပြည့်နေ့အထိ ခြောက်လကို "သက်ဥတု" ဟုလည်းကောင်း၊ ပြာသိုလပြည့်ကျော် ၁ရက်မှ ဝါဆိုလပြည့်နေ့အထိကို "တက်ဥတု"ဟုလည်းကောင်း ပြဆိုပါသည်။ တပေါင်းလပြည့်ကျော် ၁ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ လေးလကို နွေဥတု(ဂိမန္တ)၊ ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ လေးလကို မိုးဥတု(ဝသန္တ)၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလကို ဆောင်းဥတု(ဟေမန္တ)ဟုလည်း ခွဲခြားထားပါသည်။ ယင်းဥတု (၃)ပါးကို တစ်ဥတုလျှင် ရတုခေါ် ဥတုငယ် နှစ်ပါးစီ ထပ်မံခွဲခြားထားသဖြင့် ရတုခြောက်ပါး ရှိသည်။

ယခုအချိန်ကာလသည် နွေရာသီနှောင်းပိုင်းကာလဖြစ်၍ အပူရှိန်လွန်စွာ ပြင်းထန်သဖြင့် ဓာတ်ငါးပါးဖြင့် ဖွဲ့စည်းအပ်သော ရုပ်တရားများ ဖောက်ပြန်ကာ အားနည်းနေတတ်သည်။ ထို့မျှမက ရာသီဥတုပူပြင်းချိန် ရုတ်တရက် မိုးရွာလာတတ်သဖြင့် (ဥဏှတေဇောနှင့် သီတတေဇောတည်းဟူသော) အပူနှင့် အအေးအားပြိုင်၍ ဝါယောနှင့် အာကာသဓာတ်တို့ အပြစ်ပြုလွန်ကဲလျက် ပထဝီနှင့်အာပေါဓာတ်တို့ ပျက်စီးကာ အထူးသဖြင့် ကိုယ်ခံအားနည်းပါးနေသူများတွင် ယခုကဲ့သို့ ဝမ်းလျှော ဝမ်းပျက်ရောဂါနှင့် ဝမ်းကိုက်ရောဂါတို့ ခံစားရခြင်းဖြစ်သည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဆိုသည်မှာ

ဝမ်းလျှောဝမ်းပျက်ရောဂါဆိုသည်မှာ တစ်နေ့လျှင် ပုံမှန်မဟုတ်သော အရည်ဝမ်းများပမာဏများစွာဖြင့် အကြိမ်များစွာ (တစ်နေ့သုံးကြိမ်အထက်) ဝမ်းဗိုက်နာကျင်စွာသွားနေလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါ (အတိသာရ) ဟု ယေဘုယျသတ်မှတ်နိုင်မည် ဖြစ်သည်။ သာမန်ကျန်းမာသောသူများအနေဖြင့် မနာမကျင်ဘဲ နေ့စဉ်ပုံမှန်ဝမ်း ခပ်ထပ်ထပ်တစ်ကြိမ်၊ နှစ်ကြိမ်သွားလျှင် ဝမ်းကောင်းသည်၊ ဝမ်းမှန်သည်ဟု ဆိုရမည်ဖြစ်သည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ကြောင်း

မြန်မာ့တိုင်းရင်းဆေးပညာ ဒေသနာနယအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော သမုဋ္ဌာန် လေးပါးတို့တွင် ကမ္မသမုဋ္ဌာန်ဟူသော ပါစကဝမ်းမီးဓာတ်ညံ့ခြင်း၊ ယင်လုံအိမ်သာမသုံးစွဲခြင်း၊ အိမ်သာသုံးစွဲပြီး လက်ကိုစင်ကြယ်အောင်မဆေးခြင်း၊ အစားအသောက်စားလျှင် လက်ကိုစင်ကြယ်အောင် မဆေးခြင်း၊ စိတ္တသမုဋ္ဌာန်ဟူသော စိုးရိမ်သောကကြီးခြင်း၊ စိတ်ဖိစီးခြင်း၊ ကြောက်လန့်ခြင်း၊ ဥတုသမုဋ္ဌာန်ဟူသော နွေရာသီ ပူပြင်းသောကာလဖြစ်ခြင်း၊ နွေနှင့်မိုး အကူးအပြောင်း ပူတစ်လှည့် အေးတစ်ခါဖြစ်ခြင်း၊ အာဟာရသမုဋ္ဌာန်ဖြစ်သော အမှည့်လွန်သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီး စသောအသီးများကို များစွာစားသောက်မိခြင်း၊ မုန့်ဟင်းခါး၊ မုန့်တီ၊ လက်လုပ်ချဉ်၊ ထန်းရည်ချဉ်၊ ယင်နားစာ၊ ထမင်းကျန်၊ ဟင်းကျန်များကို စားမိခြင်း၊ မလတ်ဆတ်သော အသား၊ ငါးနှင့် အစားအစာများ စားသောက်ခြင်း၊ ညစ်ညမ်း၍ မသန့်ရှင်းသောရေများ သောက်သုံးခြင်း စသည်တို့ကြောင့် ဓာတ်ကြီးငါးပါးတို့တွင် ဝါယော၊ အာကာသဓာတ်လွန်ပြီး ပထဝီ၊ အာပေါဓာတ်ပျက်စီးကာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ရခြင်း ဖြစ်သည်။

ဝမ်းလျှောဝမ်းပျက်အမျိုးအစား

ဝမ်းလျှော ဝမ်းပျက်ရောဂါကို မြန်မာ့တိုင်းရင်းဆေးသမားတော်များက အပူဝမ်းလျှော ဝမ်းပျက်ရောဂါနှင့် အအေးဝမ်းလျှော ဝမ်းပျက်ရောဂါဟု နှစ်မျိုး ခွဲခြားထားသည်။

အပူဝမ်းလျှောဝမ်းပျက်ရောဂါလက္ခဏာ

ခန္ဓာကိုယ်ပူနွေးနေခြင်း၊ ရေဆာခြင်း၊ ဝမ်းရောင်ညစ်ထေးပြီး ကျဲကျဲသွားခြင်း၊ ဝမ်းတွင်းပူလောင်ခြင်း၊ ဝမ်းသွားပြီး စအိုဝပူလောင်ကျန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ဦးခေါင်းကိုက်ခြင်း၊ ဆီးနီ ဆီးနည်းခြင်း၊ လက်ဖျားခြေဖျား နွေးခြင်းတို့ ဖြစ်ပါသည်။ ရောဂါပြင်းထန်ပါက ရေငတ်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း ဖြစ်တတ်ပါသည်။

အအေးဝမ်းလျှောဝမ်းပျက်ရောဂါလက္ခဏာ

ခန္ဓာကိုယ်အေးခြင်း၊ ရေမဆာခြင်း၊ ဝမ်းဖြူပြီး ကျဲကျဲသွားခြင်း၊ ဝမ်းတွင်းအေးနေခြင်း၊ ဦးခေါင်းအုံခြင်း၊ ဆီးဖြူခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ လက်ဖျားခြေဖျားအေးခြင်း စသည်တို့ ဖြစ်သည်။

ဝမ်းလျှောဝမ်းပျက်ရောဂါ ကုထုံး

ဝမ်းလျှော ဝမ်းပျက်နေသော ဝေဒနာရှင်သည် ဝမ်းနှင့်ဆီး တစ်ပြိုင်တည်းသွားပါက အပူဝမ်းဖြစ်လျှင် တိုင်းရင်းဆေးကုဋ္ဌာနသုံး အပူငြိမ်းသွေးဆေး သို့မဟုတ် အအေးပိတ်ဆေး၊ အအေးဝမ်းဖြစ်လျှင် ဇာတိလဝင်္ဂဆေး သို့မဟုတ် သွေးဆေးနီ တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေကျက်အေးနှင့် တိုက်ပြီး အကင်းဆယ်ပါးဆေး သို့မဟုတ် ခုနစ်ပါးဆေးဝါကို ဝမ်းဗိုက်တစ်ပြင်လုံး နှမ်းဆီနှင့်ဖျော်လိမ်းပေးပါ။ ဆေးကို နှစ်နာရီခြား တစ်ကြိမ်တိုက်နိုင်သည်။ ကလေးငယ်များ ဝမ်းလျှောပါက ၄င်းဆေးကို ရေကျက်အေးတွင်ထည့်ဖျော်ကာ အရည်ကြည်တိုက်နိုင်ပါသည်။ ဆေးသုံးခွက်တိုက်ပြီး မကြာမီ ဝမ်းရပ်တန့်သွားပါမည်။ ဝမ်းရပ်တန့်သွားသောအခါ တိုင်းရင်းဆေးကုဋ္ဌာနသုံး အစာကြေ လေပုပ်ထုတ်ဆေးကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရေနွေးနှင့်တိုက်ပေးပါ။ ဆီးနှင့်လေသက်လာပြီး ဝမ်းရပ်ကာ သက်သာသွားပါမည်။

ဝမ်းသက်သက်သွားပြီး ဆီးမသွားသောဝေဒနာရှင်ကို အပူငြိမ်းသွေးဆေးနှင့် ဆီးဆေးဖြူ ဆတူရောစပ်ကာ တစ်နာရီ တစ်ကြိမ် ရေနွေးနှင့်တိုက်ပေးပြီး အထက်ပါလိမ်းဆေးကို ဝမ်းဗိုက်တစ်ပြင်လုံး နှမ်းဆီနှင့် ဖျော်လိမ်းပေးပါ။ ဆေးသုံးကြိမ်တိုက်ပြီး ဝမ်းရပ်တန့်သွားပါမည်။ ဝမ်းရပ်တန့်ပါက အစာကြေ လေပုပ်ထုတ်ဆေးကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရေနွေးနှင့်တိုက်ပေးနိုင်ပါသည်။ ယခုကဲ့သို့ ဝမ်းရပ်တန့်ပြီး ဆီးနှင့်လေဘက်လှည့်ကာ ရောဂါသက်သာလာသောအခါ နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် အထက်ဖော်ပြပါ ကုထုံးအတိုင်း တိုက်ကျွေးပေးပါ။ ဝမ်းလျှော ဝမ်းပျက်ရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ကလေးများကိုလည်း အရွယ်ကြည့်ပြီး တိုက်ပေးနိုင်ပါသည်။

ဝမ်းရပ်တန့်ပြီး ပုံမှန်ဖြစ်လာသောအခါ အစာကြေလေပုပ်ထုတ်ဆေး လက်ဖက်ရည်ဇွန်းတစ်ဇွန်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေကျက်အေးနှင့် တိုက်ပေးပါ။ ဝမ်းလျှော ဝမ်းပျက်နေစဉ် ဆုံးရှုံးသွားသော ပထဝီဓာတ်နှင့် အာပေါဓာတ်အတွက် ဓာတ်ဆားရည် သို့မဟုတ် အုန်းစိမ်းနုရည်တိုက်ပေးနိုင်ပါသည်။ အဓိက အချက်မှာ အပူဝမ်းဖြစ်စေ၊ အအေးဝမ်းဖြစ်စေ ဝမ်းကို ရပ်တန့်စေပြီး လေနှင့် ဆီးဘက်သို့ လှည့်သွားစေရန်ဖြစ်ပါသည်။ အထူးသဖြင့် အော့အန်လျက် ဝမ်းဗိုက်လွန်မင်းစွာနာကျင်၍ ဆန်ဆေးရည်ကဲ့သို့၊ ထမင်းရည်ကဲ့သို့ အရည်ဝမ်းများ မရပ်မနားဆင်းနေပါမူ အသက်အန္တရာယ် စိုးရိမ်ရသော ကာလဝမ်းရောဂါဖြစ်နိုင်၍ နီးစပ်ရာဆေးရုံသို့ ညွှန်းပို့ကုသမှုခံယူစေရမည် ဖြစ်သည်။ ဝမ်းလျှော ဝမ်းပျက်နေသော ဝေဒနာရှင်သည် ဆေးတိုက်နေသော်လည်း ဝမ်းမရပ်ဘဲအန်ခြင်း၊ ကြွက်တက်ခြင်း၊ အပူရှိန်ကြီးခြင်း၊ ဖျားခြင်း၊ အရေပြားများ ပျော့အိတွဲကျလာခြင်း၊ သတိလစ်ခြင်းတို့ဖြစ်က လွန်စွာ အန္တရာယ်ကြီးသဖြင့် အနီးဆုံးဆေးရုံသို့ ညွှန်းပို့ကုသမှု ခံယူစေရမည်ဖြစ်သည်။

ဝမ်းလျှော ဝမ်းပျက်ရောဂါအတွက် သုံးစွဲသင့်သည့် ဆေးဖက်ဝင်အပင်များ သာမန်ဝမ်းလျှော ဝမ်းပျက်ရောဂါအတွက် ယခုဖော်ပြမည့် ဆေးဖက်ဝင်အပင်များအနက် လက်လှမ်းမီလွယ်ကူရာ တစ်မျိုးမျိုးကို ကြိုတင်ကာကွယ်ရန်အတွက်လည်းကောင်း၊ ကုသရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်။ ဥသျှစ်သီး၊ သလဲသီး၊ မင်းကွတ်သီး တစ်မျိုးမျိုး၏ အခွံကို ရေကျက်အေးဖြင့် သွေး၍ တစ်ခါသောက်လက်ဖက်ရည်ဇွန်းတစ်ဝက် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေကျက်အေးနှင့် တိုက်ပေးပါ။ လက်ထုတ်ကြီးအခေါက်ကို မီးကင်၍ အမှုန့်ပြုကာ တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေကျက်အေးနှင့် တိုက်ပေးပါ။ အလားတူ ထိမ်ပွင့်၊ ဇာတိပ္ဖိုလ်သီးဆန်၊ ဖန်ခါးသီး၊ ဆေးပုစွန်တုပ်၊ ဆူးဖြူ၊ ပန်းလဲ၊ ရှားစေး၊ ပဠကာနီ၊ တမာ၊ တောက်ရပ်၊ လင်းလေ၊ လက်ပံစသည်တို့ကို ဆေးဝါးအဖြစ် ဖော်စပ်သုံးစွဲနိုင်သည်။

ဝမ်းလျှောဝမ်းပျက်ရောဂါ မဖြစ်စေရန် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ

ဝမ်းလျှော ဝမ်းပျက်ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ရာတွင် လိုက်နာရန် အချက်များအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။ လက်ကို အစဉ်အမြဲသန့်ရှင်းအောင် ဂရုစိုက်ပါ။ အစာမစားမီ၊ အစာစားပြီး အိမ်သာမှအဆင်းနှင့် ညစ်ပေသည်ဟု ယူဆသည့်အခါတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင် စနစ်တကျဆေးကြောပါ။ ယင်လုံအိမ်သာသုံးစွဲကာ နွေ၊ မိုး၊ ဆောင်းဟူသော ရာသီဥတုနှင့် မဆန့်ကျင်ဘဲ လိုက်လျောပြီး နေထိုင်စားသောက်ပါ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော သမုဋ္ဌာန်လေးပါးနှင့် လိုက်လျောညီထွေနေထိုင်၊ ပြုမူစားသောက်ပါ။ ကြက်ပေါင်းရည်၊ ထမင်းရည်၊ ထမင်းပေါင်းရည်၊ ငါးဆန်ပြုတ်၊ အသားစွပ်ပြုတ်၊ မြူစွမ်၊ ကော်ဖီစသည်တို့ကို သုံးဆောင်သင့်ပါသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ခဲ့လျှင် ဓာတ်စာအဖြစ် မရန်းရွက်၊ မန်ကျည်းရွက်၊ သရက်ရွက်နုများကို ရေစင်အောင်ဆေး၍ ပါးပါးလှီးကာ နှမ်းများများ ထည့်သုပ်စားခြင်း ပြုလုပ်နိုင်သည်။ ငှက်ပျောသီးဖီးကြမ်းအမှည့်ကို မီးဖုတ်၍စားခြင်း၊ ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်၍ စားခြင်းဖြင့် ဝမ်းလျှော ဝမ်းပျက်ရောဂါအတွက် အားပြန်လည်ဖြည့်တင်းပြီး ဝမ်းကိုရပ်စေပါသည်။ ဓာတ်စာအဖြစ် ကြက်သားကိုပေါင်း၍ သံပရာရည်ရွှဲရွှဲ ဆမ်းပြီး ကြက်သွန်ဖြူနိုင်နိုင်နှင့် သုပ်စားပေးနိုင်သည်။

ရှောင်ကြဉ်ရန်အချက်များမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော သမုဋ္ဌာန်လေးပါးနှင့် ဆန့်ကျင်သောအပြုအမူ၊ အစားအသောက်များပြုမူစားသောက်ခြင်း၊ အိမ်သာမှဆင်းပြီးလျှင် လက်မဆေးခြင်း၊ ညစ်ပေသော လက်ဖြင့် ကိုင်တွယ်စားသောက်ခြင်း၊ အမှည့်လွန်သော သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီးစသော အသီးများကိုများစွာ စားသောက်မိခြင်း၊ မုန့်ဟင်းခါး၊ မုန့်တီ၊ လက်လုပ်ချဉ်၊ ထန်းရည်ချဉ်၊ ယင်နားစာ၊ ထမင်းကျန် ဟင်းကျန်များကို စားမိခြင်း၊ မလတ်ဆတ်သောအသား၊ ငါးနှင့်အစားအစာများ စားသောက်ခြင်း၊ ညစ်ညမ်း၍ မသန့်ရှင်းသောရေများ သောက်ခြင်း၊ ဝမ်းနူးစေသည့် အစားအစာများ စားသောက်ခြင်း၊ အစာကြေခဲသည့် ထမင်းကြော်၊ ထမင်းကြမ်း၊ ဒံပေါက်၊ ကောက်ညှင်း၊ ပြောင်းဖူး၊ မျှစ်၊ အင်ဥ၊ လက်လုပ်ချဉ်၊ မုန့်တီ၊ မုန့်ဟင်းခါး၊ ပဲကြီး၊ ဝက်သားစသည် စားသောက်ခြင်း၊ ပူပြင်းသော အချိန်တွင် ဝမ်းနုတ်ခြင်း စသည်တို့ဖြစ်ပါကြောင်း နွေရာသီနှင့် ဝမ်းလျှော ဝမ်းပျက်ရောဂါ သိကောင်းစရာအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

ပညာရေးနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၂၅

Melior International College Singapore ၏ ပညာရေးဆွေးနွေးပွဲ အကြို စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၁၅ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။

ကျင်းပ

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲတွင် စင်ကာပူနိုင်ငံ MIC မှ Vice President Mr. Warren Eng နှင့် Assistant Manager ဦးကိုင်ဇာတင်မုံတို့က မေ ၂၃ရက်တွင် ကျင်းပမည့် Education Seminar ၏ ရည်ရွယ်ချက်၊ ပြုလုပ်သွားမည့် အစီအစဉ် အကြောင်းအရာများနှင့် ဆွေးနွေးပွဲ၏ စိတ်ဝင်စားဖွယ်ထူးခြားချက်များကို ရှင်းလင်းပြောကြားကြသည်။

အခွင့်အလမ်း

ထို့နောက် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို Mr. Warren Eng နှင့် ဦးကိုင်ဇာတင်မုံတို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။ ယင်းဆွေးနွေးပွဲတွင် MIC မှ ပို့ချလျက်ရှိသော Business, Tourism & Hospitality,Psychology, Bio-medical Science ဘာသာရပ်များ အကြောင်း၊ Scholarship အစီအစဉ် အကြောင်းနှင့် ဘွဲ့ရပြီးနောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းတို့ကို ဆွေးနွေးပြောကြားမည်ဖြစ်ပြီး မြန်မာလူငယ်များ နိုင်ငံတကာပညာသင် အတွေ့အကြုံ ပိုမိုနားလည်သဘောပေါက်စေလိုသော ရည်ရွယ်ချက်ဖြင့် Mr. Warren Eng က Trial Class တစ်ခုကို ပို့ချမည်ဖြစ်သည်။

တိုက်ရိုက်ချီးမြှင့်

Melior International College သည် Australia နိုင်ငံမှ Central Queensland University နှင့် Partner College ဖြစ်ပြီး Melior International College ၌ ပို့ချလျက်ရှိသော Master နှင့် Bachelor တန်းများမှာ Central Queensland University ၏ Program များဖြစ်သည်။ Master နှင့် Bachelor ဘွဲ့များကို ကွင်းစလန်းသြစတြေးလျ တက္ကသိုလ်မှ တိုက်ရိုက်ချီးမြှင့်မည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အဆိုပါဆွေးနွေးပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့၏ ပညာရေးဆိုင်ရာ လက်မှတ်များနှင့် အမှတ်စာရင်းများကို ယူဆောင်၍ Melior International College Yangon Office, Park Royal Hotel,Room (339) ၌ မေ၂၂ ရက် မွန်းတည့် ၁၂နာရီမတိုင်မီ Free Seminar နှင့် Trial Class ဝင်ခွင့်ဖိတ်စာကို လာရောက်ထုတ်ယူနိုင်ပြီး ဖုန်း- ၂၅၀၃၈၈၊ လိုင်းခွဲ -၃၃၉ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ဝဲပုံ)

(သတင်းစဉ်)

အလိမ္မာ စာမှာရှိ

သောက်သုံးရေပေးဝေ

မေ ၁၅ရက်က မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ကွင်းဆင်းကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ စေတနာရှင်၊ အလှူရှင်များပါဝင်လျက် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာနှင့် ညောင်တံခါးကျေးရွာများသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ဂါလန် ၃၂၀၀ ဖြန့်ဝေပေးစဉ်။

(မြို့နယ် ပြန်/ဆက်)



ကဝမြို့အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ၂၀ရက်က သခွပ်ကန်ကျေးရွာတွင် တွင်းတူးစက်ဖြင့် လေးလက်မ စက်ရေတွင်း တူးဖော်နေခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၈)ရပ်ကွက်၊ သိန်းနီလမ်း၊ အမှတ် (ဓ-၄/၇) တွင် ပါတီရုံးချုပ်တည်ရှိသော ‘‘ဝ’’ ဒီမိုကရက်တစ်ပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

‘‘ဝ’’ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ

‘‘ဝ’’ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့် မင်္ဂလာဈေး မီးလောင်ကျွမ်းမှု မီးငြိမ်းသွားခဲ့ပြီ

ရန်ကုန် မေ ၂၅

ယမန်နေ့ နံနက် ၈နာရီခွဲခန့်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး အပေါ်ဆုံးထပ်ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်မှ ဝိုင်ယာရှော့ဖြစ်မှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုသည် ယနေ့ နံနက် ၅နာရီ ၅မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီ ဖြစ်ကြောင်း သိရှိရသည်။

ဆောင်ရွက်ပေး

မီးလောင်ကျွမ်းမှုကြောင့် စတုတ္ထထပ်နှင့် ခေါင်မိုးထပ်မှ ဆိုင်ခန်း ၈၄၅ခန်း မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးသတ်ဝန်ထမ်း သုံးဦးနှင့် အရပ်သား အမျိုးသားတစ်ဦးတို့ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ရန်ကုန်အထွေထွေ ရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ – ရေးသားသည်

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အိတ်ချ်အိုင်ဗွီ ပို၍ကူးစက်နိုင်ဟုဆို



လန်ဒန် မေ ၂၅

အိတ်ချ်အိုင်ဗွီကူးစက်ခံနေရသော အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်စဉ်အတွင်း ခင်ပွန်းသည်အမျိုးသားများအား အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ရန် နှစ်ဆပိုများကြောင်း သုတေသီများက သတိပေးပြောကြားသည်။

ရောဂါကူးစက်

အာဖရိကရှိ စုံတွဲပေါင်း ၃၀၀၀ကျော်အား လေ့လာဆန်းစစ်ခဲ့ရာ အိတ်ချ်အိုင်ဗွီပိုးသယ်ဆောင်ထားသော အိမ်ထောင်ရှင်အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်စဉ်အတွင်း ခင်ပွန်းဖြစ်သူအား အိတ်ချ်အိုင်ဗွီပိုးကူးစက်ရန် နှစ်ဆပိုများကြောင်း ဗြိတိသျှသုတေသီများက လေ့လာတွေ့ရှိထားသည်။ အထူးသဖြင့် ငယ်ရွယ်သူအိမ်ထောင်ရှင် အမျိုးသမီးများသည် အိတ်ချ်အိုင်ဗွီ ရောဂါပိုးသယ်ဆောင်ထားပါက ခင်ပွန်းဖြစ်သူအား ရောဂါကူးစက်ရန် အလားအလာအများဆုံးဖြစ်သည်ဟု ဆိုသည်။

တစ်ဖန် အိတ်ချ်အိုင်ဗွီရောဂါပိုးသယ်ဆောင်ထားသော အမျိုးသားများသည် ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း အိတ်ချ်အိုင်ဗွီပိုးကူးစက်ရန် ပို၍များကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။

လေ့လာတွေ့ရှိ

သုတေသီများသည် အာဖရိကတိုက်ရှိ ဘော့ဆွာနာ၊ ကင်ညာ၊ ရဝမ်ဒါ၊ တောင်အာဖရိက၊ တန်ဇန်းနီးယား၊ ယူဂန္ဓာနှင့် ဇမ်ဘီယာနိုင်ငံတို့ရှိ စုံတွဲပေါင်း ၃၀၀၀ ကျော်အား သုတေသနပြုလေ့လာခဲ့သည်။ ယင်းတို့အနက်မှ အိမ်ထောင်ရှင်အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ အိတ်ချ်အိုင်ဗွီကူးစက်ခံနေရပြီး နှစ်နှစ်ကြာသောအခါ နှစ်ဦးစလုံးတွင် အိတ်ချ်အိုင်ဗွီကူးစက်ခံနေရကြောင်း လေ့လာတွေ့ရှိခဲ့သည်။ (အင်တာနက်)

ကမ္ဘာ့ဖလားအကြို ခြေစမ်းပွဲ အင်္ဂလန်က မက္ကဆီကို အနိုင်ကစား

မြင့်မောင်စိုး ရေးသားသည်

လန်ဒန် မေ ၂၅

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး တောင်အာဖရိကနိုင်ငံ၌ လာမည့်လတွင် ယှဉ်ပြိုင်ကစားတော့မည် ဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ အင်္ဂလန်အသင်းနှင့် မက္ကဆီကိုတို့ ဝင်ဘလေကွင်းကြီး၌ မေ ၂၅ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပုတ်ထုတ်ကာကွယ်

အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးကို လက်ဒလေကင်းက ပွဲစပြီး ၁၇မိနစ်အကြာ သွင်းယူခဲ့ခြင်းဖြစ်သည်။ လက်ဒလေကင်းသည် ပထမဆုံးအင်္ဂလန်အသင်းတွင် ပါဝင်ကစားခဲ့ခြင်း ဖြစ်သည်။ ဒုတိယမြောက် အနိုင်ဂိုးကို အင်္ဂလန် ခေါင်းတိုက်ဂိုး ချန်ပီယံပီတာခရောက်ချ်က ပွဲချိန် ၃၅မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပီတာခရောက်ချ်သည် ၃၈ပွဲ ကစားရာတွင် ၂၁ဂိုး သွင်းယူခဲ့သဖြင့် အင်္ဂလန်ဘောလုံး သမိုင်း၌ ဂိုးအများဆုံး သွင်းယူသူအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ယင်းနောက် အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ခေါင်းတိုက် သွင်းယူခဲ့ရာ မက္ကဆီကိုဂိုးသမား အော်စကာပီရက်ဇ်က ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။

တတိယအနိုင်ဂိုး

မက္ကဆီကိုအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဖရန်ကိုက ပွဲချိန် ၄၅မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းပြန်စပြီး နှစ်မိနစ်အကြာ ဂလျန်ဆင်က ကိုက်၂၀အကွာမှ ကန်သွင်းခဲ့ရာ အင်္ဂလန်အသင်းအတွက် တတိယ အနိုင်ဂိုး ရခဲ့သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ မေ ၃၀ရက်တွင် ဂျပန်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။ အင်္ဂလန်အသင်းသည် ဇွန် ၁၂ရက်တွင် အမေရိကန်အသင်းနှင့် ကမ္ဘာ့ဖလားပွဲ အဖွင့်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ။ (အင်တာနက်)

ဒုတိယဂိုး

အင်္ဂလန် အသင်းအတွက် ဒုတိယဂိုးကို ပီတာခရောက်ချ်က ဤသို့ သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၂၅

မြို့မကျောင်းသားဟောင်းများအသင်း မှတ်တမ်းဓာတ်ပုံပေးပို့နိုင်

မြို့မကျောင်းသမိုင်းနှင့် မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း သမိုင်းပြုစုရန်အတွက် မှတ်တမ်းအထောက်အထားများ၊ ဓာတ်ပုံများရှိပါက မိတ္တူများကို မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း အမှတ် ၆၈ စံကားဝါလမ်း ဒဂုံမြို့နယ် ဖုန်း-၂၅၀၁၅၃ နှင့် ၇၃၀-၁၁၇၀၇ တို့သို့ ဇွန် ၁၅ ရက် နောက်ဆုံးထား ပေးပို့ရန် နှိုးဆော်ထားသည်။

မြတ်ဝင်းထိန်၏ ပန်းချီပြပွဲ ကြည့်ရှုခံစားနိုင်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Myanmar Art Centre ၌ ရုပ်ပြပန်းချီဆရာ မြတ်ဝင်းထိန်၏ ပန်းချီပြပွဲကို မေ ၂၉ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပန်းချီဝါသနာရှင်များ လေ့လာကြည့်ရှုခံစားနိုင်ကြသည်။

ကွန်ပျူတာပညာရှင်အသင်း စာမေးပွဲကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြု စာမေးပွဲများကို လာမည့် ဇွန် ၂၀ရက်တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်ရာ ဇွန် ၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းဖြေဆိုနိုင်ပြီး အသင်းခွဲများရှိရာ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်လည်း တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

ရှားပါးစာအုပ်ပြသရောင်းချပွဲနှင့် ပန်းချီပြပွဲ ကျင်းပမည်

အမြင်သစ်စာပေ ရှားပါးစာအုပ်ပြသရောင်းချပွဲနှင့် ပန်းချီပြပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့် လောကနတ်ပန်းချီခန်းမ၌ ဇွန် ၃ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ဖူဆယ်အလွတ်တန်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တံခွန်စိုက် ဖူဆယ်အလွတ်တန်းပြိုင်ပွဲကို မေလအကုန်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသည့်အသင်းများ ဖုန်း-၅၇၇၃၆၆၊ ၅၆၁၃၁၉နှင့် ၀၉-၅၀၁၅၅၆၁တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)အမှုဆောင် ပါမောက္ခဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ရန် လိုအပ်သော MERS for SMEs (Part-V) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မေ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ မေ ၂၆ရက် နောက်ဆုံးထား၍ အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ စာရင်းပေးသွင်း တက်ရောက်နိုင်သည်။

စုစည်းရေးသားသူ - ဝင်းကျော်

လူငယ်နှင့် စွန့်ဦးတီထွင်မှုအကြောင်းဟောပြောပွဲတက်ရောက်နိုင်

လူငယ်များလုပ်ငန်းလုပ်ကိုင်ရာတွင် စွန့်ဦးတီထွင်လုပ်ကိုင်တတ်စေရန် အတွက် ဆရာဦးရဲမြင့် (စွန့်ဦးတီထွင်)က လူငယ်နှင့် စွန့်ဦးတီထွင်မှုအကြောင်းကို မေ ၂၇ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် မြေနီကုန်းပလာဇာ သုံးလွှာ အခန်း-ဒီ ရှိ **PS Business School**၌ *ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဖုန်း-၅၀၀၅၃၃ နှင့် ၅၂၄၄၈၂ တို့သို့ ဆက်သွယ် စာရင်းပေးသွင်း တက်ရောက်နိုင်သည်။*

ရွှေမင်းသားဖောင်ဒေးရှင်းပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ အခမဲ့သင်ကြားပေးသော ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄) နှင့် (၅)၊ ဟာ့ဒ်ဝဲလ် အမှတ်စဉ်(၁)ဆင်းပွဲများနှင့် ပညာသင်ကြားလိုသော မသန်စွမ်းကလေးများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၉ရက် (စနေနေ့)တွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဖုန်း-၂၂၂၉၂၃၊ ၂၁၅၉၃၉၊ ၀၉-၅၀-၃၄၄၀၄ နှင့် ၀၉-၆၈၁၈၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲနိုင်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒဂုံဂေါက်ကွင်း (မင်္ဂလာဒုံ)၌ မေ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ဆင်နွှဲနိုင်သည်။ ။

(မြန်မာ့အလင်း)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ် ၃၃နေ
ဦးသန်း(ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ဝင်းပိုတို့၏ တစ်ဦးတည်းသောသား၊
ဒေါ်စမ်းစမ်းအေး (လူမှုဖူလုံရေးအဖွဲ့)၏မောင်

မောင်ညီညီအောင်

B.E (Mining) Y.T.U, M.O.T 3rd Class
3rd Engineer (Uniteam Marine Ltd.)

နှင့်

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ အုန်းပင်တန်းလမ်း၊ အမှတ် ၃၈၅နေ
ဦးမြင့်ကြည်(လှသိန်းတန်ဆန်စက်)-ဒေါ်မြင့်မြင့်သန်း(အထပြ၊ငြိမ်း၊အထက-၃၊ပဲခူး)တို့၏
တစ်ဦးတည်းသောသမီး၊ ဒေါက်တာ နေမျိုးထွန်း၏အစ်မ

မရည်မွန်ဖြူ

M.E (Electronics) Y.T.U
Diploma in Accounting LCCI (U.K)

တို့၏ ၁၅-၅-၂၀၁၀ရက်တွင် Western Park Royal Restaurant ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပဲခူးမြို့ အမှတ်(၃) အထက အငြိမ်းစား ကျောင်းအုပ်ဆရာကြီးနှင့် တရားရုံးချုပ်ရှေ့နေကြီး ဦးမြင့်ဦးနှင့်ဇနီး၊ ပဲခူးမြို့ အမှတ်(၃) အထက အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်ခင်လှမြင့်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၏ ဇနီး ဒေါ်စိုးဝတ်ရည်အားလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာနမှ ပါမောက္ခ ဒေါက်တာဦးမျိုးညွန့်နှင့် ဆရာများအားလည်းကောင်း၊ Uniteam Marine Ltd. မှ Capt. ဦးသက်နိုင်အားလည်းကောင်း၊ နှစ်ဖက်သောမိဘဆွေမျိုး ဆရာသမား၊ မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်မြရတနာမိုး၊ မင်္ဂလာပန်းကြဲပေးသော မလင်းရတနာ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနီလာဝင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မောင်သူရိန်အောင်နှင့် မဖြူစင်ပြုံးအားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်၊ ဆံပင်အလှဆင်ပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖိတ်စာများကို စီစဉ်ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ Western Park Royal Restaurant မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်များအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညီညီအောင်-မရည်မွန်ဖြူ။

မဖြူး (အထည်ဆိုင်)

မင်္ဂလာဈေး မြေညီ 73-74 ကို
ပြောင်းရွှေ့ခြင်း

တိုက်(၁၈)၊ အခန်း(၅)၊ စံပယ်လမ်း
(ယုဇနပလာဇာအနောက်ဘက်) သို့ ယနေ့မှစ၍
ပြောင်းရွှေ့ရောင်းချပေးနေပါသည်။

မဖြူး (မင်္ဂလာဈေး)
☎ - ၀၁-၅၁၁၀၃၈
- ၀၉၅၀ ၂၄၆၁၀

အမည်ပြောင်း

အောင်လံမြို့၊ ဖေယျာဝတီရပ်၊ ပြည်လမ်းနေ ဦးခင်ဇော်-ဒေါ်နှင်းနှင်းလွင်တို့၏သမီး၊ အထက(၁)၊ ပဉ္စမတန်းမှ မထက်ထက်ဆုမွန်အား မနိုင်သီရိခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနိုင်သီရိခင်။**

အမည်ပြောင်း

အဖ ဦးသန်းဆွေတင့်၏သား TTC၊ ကမာရွတ်၊ စတုတ္ထတန်း(H)မှ မောင်ပိုင်သူထက်အား မောင်သုထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သုထက်။

မိခင်အမည်မှန်

မြစ်ကြီးနား ပညာရေးကောလိပ် လေ့ကျင့်ရေး(အလက) စတုတ္ထတန်းမှ မဝါဝါယုလွင်၏ မိခင်အမည်မှန်မှာ ဒေါ်ဝါဝါသိန်း ဖြစ်ပါကြောင်း။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်ဦးသန်းမြင့် ၇/ရတန(နိုင်)၀၁၁၆၁၇ ပိုင်ဆိုင်သော ယာဉ်အမှတ် ၁ခ/၈၈၈၀၏ အခွန်ကျေပုံစံ(၁) အစိမ်းရောင်ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးသန်းမြင့်၊ ဖုန်း-၀၉-၅၃-၁၀၁၈၃။**

အမည်ပြောင်း

အဖ ဦးမော်ဟန်း၏သား မြစ်ကြီးနားမြို့၊ အထက(၃)၊ သတ္တမတန်း(B)မှ မောင်အောင်လင်းအား မောင်ဘုန်းမြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမြတ်သူ။

အမည်ပြောင်း

အဖ ဦးမျိုးဝင်း၏သမီး မြစ်ကြီးနားမြို့၊ အထက(၄)၊ သတ္တမတန်း(A)မှ မဖူးပြည့်စုံအား မဖူးပြည့်လှိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။

မဖူးပြည့်လှိုင်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသောင်းစိန်၏ Passport No. 254594 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၈၂၂၈၃၊ ၀၉-၅၁-၂၄၉၈၄။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ ယန်းလော(အလက)၊ အဋ္ဌမတန်းအောင်မှ မနန်းစံဖောင်း၏ ဖခင်အမည်မှန်မှာ စိုင်းဟောင်ကျောက် ၁၃/ကတန(နိုင်)၁၁၇၀၀၇ ဖြစ်ပါကြောင်း။ **စိုင်းဟောင်ကျောက်။**

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်ုပ်၏သား မောင်သီဟထွန်း ၁၂/သကတ(နိုင်)၁၆၄၁၁၈သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အိမ်ပေါ်မှဆင်းသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင် ဦးစိုးသီဟ ၁၂/တမန(နိုင်)၀၃၈၆၁၄။

တစ်ခါတလေတော့လည်း
စေတနာထားပြီး လုပ်ပေးလိုက်မိတာတွေကို
တစ်ဖက်သားက အသိအမှတ်မပြုတော့
ထားခဲ့မိတဲ့ စေတနာဟာ
သဲထဲရေသွန် ပါပဲ။
မင်းအုပ်စိုး ရဲ့
သဲထဲရေသွန် ဗီဒီယိုဇာတ်ကား
ထွက်ရှိနေပါပြီ။

သဲကုန်းမြို့နယ်အတွင်း အလှူရှင်များ ရေလှူဒါန်း

သဲကုန်း မေ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ချားလျှားကုန်းကျေးရွာအုပ်စု၊ ကျွဲကောင်းကျေးရွာအုပ်စု၊ ရပ်သာကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုများရှိ ကျေးရွာအချို့တွင် ရာသီဥတု ပူပြင်းမှုကြောင့် သောက်ရေ၊ သုံးရေ အခက်အခဲ ကြုံတွေ့ခဲ့ရသည်။

ဖြန့်ဖြူးပေး

သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများ ပူးပေါင်း၍ မေ ၈ရက်မှစ၍ ချားလျှားကုန်းကျေးရွာ၌ ရေပေးဝေရေးစခန်းဖွင့်လှစ်၍ ရေဖြန့်ဖြူးပေးလျက်ရှိသည်။

လှူဒါန်း

ပြည်၊ သဲကုန်း၊ ရွှေတောင်၊ ပေါင်းတည်၊ နတ်တလင်းမြို့များမှ အလှူရှင်များက မီးသတ်ကား၊ ထော်လာဂျီများဖြင့် **(အပေါ်ပုံ)** ရေများ သယ်ဆောင်ကာ ကျေးရွာများသို့ လှူဒါန်းခဲ့ရာ တစ်နေ့လျှင် ရေဂါလန်ပေါင်း ငါးသောင်းကျော် ဖြန့်ဝေနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာပန်းချီသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

ပညာရေးဝန်ကြီးဌာနအမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကွန်ပျူတာပန်းချီသင်တန်း(၁/၂၀၁၀)ကို မေ၂၄ရက် နံနက် ၁၀နာရီခွဲတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Soft Guide Computer Company Ltd., Managing Director ဦးအောင်သန်းညွန့်နှင့် သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင်အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူက သင်တန်းဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** ဆက်လက်၍ Soft Guide Computer Company Ltd., Managing Director ဦးအောင်သန်းညွန့်က သင်တန်းနှင့်သက်ဆိုင်သည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပန်းချီဆိုင်ရာများကို ပန်းချီပညာရှင်ဆရာကြီး ဦးအောင်မောင်းက ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မီး အစဉ်သတိပြု

ကွတ်ခိုင်မြို့ပေါ်သို့ ရေဖြန့်ဝေပေးလျက်ရှိသော ခိုလုံရေထွက်မှ ရေပိုက်လိုင်းများ တိုးချဲ့သွယ်တန်းနေမှုကို အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သောက်သုံးရေဖြန့်ဝေ

ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ယာဉ်တစ်စီးဖြင့် မေ ၁၅ရက်က တဲကြီးကျေးရွာတွင် သောက်သုံးရေဖြန့်ဝေပေးခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနေမျိုးနန္ဒနှင့် အမှုဆောင်အရာရှိ ဦးအောင်ဆွေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သန့်ရှင်းသောသောက်သုံးရေ

မေ ၁၉ရက်က သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေများကို ကျေးရွာပြည်သူများ ခပ်ယူသုံးစွဲကြစဉ်။ (မြို့နယ်စည်ပင်)

ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံအကြောင်းသိကောင်းစရာ

နိုင်ငံတကာသတင်းအက်ဆေး

တိုး-ရေးသားသည်

ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံသည် ကာရစ်ဘီယံဒေသတွင် တည်ရှိသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးများ ပိုင်ဆိုင်ထားသည့်အတွက် ကာရစ်ဘီယံဒေသမှ အချမ်းသာဆုံးနိုင်ငံများစာရင်းတွင် ဤနိုင်ငံပါဝင်နေသည်။ နိုင်ငံစီးပွားရေးတွင် ရေနံနှင့်ဓာတ်ငွေ့ထုတ်ယူသုံးစွဲမှုက အဓိကကဏ္ဍမှပါဝင်သည်။

အာဖရိကနှင့် အိန္ဒိယမျိုးနွယ်စုများ အဓိကနေထိုင်အခြေချသည့် ကျွန်းနှစ်ကျွန်း ပေါင်းစပ်ထားသော ဤနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေမှာ လက်တင်အမေရိက၏ ပျမ်းမျှ တစ်ဦးချင်းဝင်ငွေထက် ပိုသည်။ အမေရိကန်နိုင်ငံသို့ အများဆုံးတင်ပို့သည့် သဘာဝ ဓာတ်ငွေ့သည် ဝင်ငွေအဓိကရှာပေးနေသည့်ရေနံကို ကျော်လွန်သွားလိမ့်မည်ဟု မျှော်မှန်းရ သည်။

မီဒီယာ

ရေနံအပေါ် မှီခိုနေသည့် ဤနိုင်ငံမှာ ကမ္ဘာ့ရေနံဈေးနှုန်းအတက်အကျဒဏ်ကိုမှ ထိုးစံအတိုင်းခံရသည်။ ၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များ ပထမပိုင်းတွင် ရေနံဈေးနှုန်းထိုးကျသဖြင့် နိုင်ငံခြားကြွေးမြီ ထူပြောခြင်း၊ အလုပ်လက်မဲ့ဦးရေ များပြား ခြင်းနှင့် အလုပ်သမား မငြိမ်မသက်ခြင်းများ ကြုံရသည်။

ဒေသတွင်း အခြားနိုင်ငံများနှင့်နှယ်ကာ ဤနိုင်ငံသည် ကိုကင်းသယ်ယူပို့ဆောင် ဖြတ်သန်းရာဒေသဖြစ်လာကာ မူးယစ်ဆေးဝါးနှင့်တကွ ယင်းနှင့်ပတ်သက်သော အကြမ်း ဖက်မှုများ ပေါ်ပေါက်လာသည်။

ထို့ကြောင့် နိုင်ငံတကာက ဖိအားပေးသည့်ကြားမှပင် ဤနိုင်ငံအစိုးရက ၁၉၉၉ ခုနှစ်တွင် သေဒဏ် ပြန်လည်ပြဋ္ဌာန်းလာရသည်။ သေဒဏ်စီရင်မှု အမြန်အကောင်အထည် ဖော်ရေးတွင် နှောင့်နှေးကြန့်ကြာကာ အတားအဆီးဖြစ်နေသော ဘုရင့်အတိုင်ပင်ခံ ကောင်စီဖြစ်သည့် ဗြိတိသျှပရီဗီကောင်စီကိုအစားထိုးရန် ဤနိုင်ငံ၌ ကာရစ်ဘီယံဒေသ ဆိုင်ရာ တရားရုံးကို ထူထောင်လိုက်သည်။

ခရစ္စတိုဖာ ကိုလံဘတ်စ်က ထရီနီဒက်ကျွန်းကို ၁၄၉၈ ခုနှစ်တွင် တွေ့ရှိသည်။ ၁၇၉၇ ခုနှစ်တွင် ဗြိတိန်မသိမ်းပိုက်မီအထိ ဤကျွန်းကို စပိန်အုပ်ချုပ်ခဲ့သည်။ တိုဘာဂို ကျွန်းကို ဥရောပအင်အားကြီးနိုင်ငံတို့က သူတို့ရထိုက်သည်ဟုဆိုကာ လက်ဆင့်ကမ်း အုပ်ချုပ်ခဲ့သည်။ ၁၈၀၂ ခုနှစ်တွင် ထရီနီဒက်ကို ဗြိတိသျှတို့ဘက်သို့ စပိန်ကထိုးအပ်ပြီး ၁၈၁၄ ခုနှစ်တွင် တိုဘာဂိုကို ဗြိတိသျှတို့လက်သို့ ပြင်သစ်က ထိုးအပ်လိုက်သည်။

ထူထောင်

၁၈၃၄ ခုနှစ်တွင် ကျွန်စနစ်ကိုပယ်ဖျက်သည်။ အိန္ဒိယမှ အလုပ်သမားများကို ကြံစိုက်ပျိုးရေးလုပ်ငန်းအတွက် ငှားရမ်းခေါ်ဆောင်စေခဲ့သည်။ ၁၈၈၉ ခုနှစ်တွင် ဤ ကျွန်းနှစ်ကျွန်းကို ဗြိတိသျှ၏ တစ်ခုတည်းသော ကိုလိုနီလက်အောက်ခံနယ်မြေအဖြစ် ပေါင်းစည်းလိုက်သည်။ ၁၉၄၅ ခုနှစ်တွင် အရွယ်ရောက်သူတိုင်း မဲပေးခွင့်ပြဋ္ဌာန်းသည်။ ၁၉၅၆ ခုနှစ်တွင် အမျိုးသားရေးဝါဒီ အဲရစ်ဝီလျံက ပြည်သူ့အမျိုးသားလှုပ်ရှားမှု (ပီအင်န်အမ်) ပါတီကို ထူထောင်သည်။

၁၉၅၈ ခုနှစ်တွင် ထရီနီဒက်-တိုဘာဂိုသည် ဗြိတိသျှ ကမကထပြုသည့် အနောက်အိန္ဒိယဖက်ဒရေးရှင်းသို့ ဝင်ရောက်သည်။ ၁၉၅၉ ခုနှစ်တွင် ဗြိတိန်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။ အဲရစ်ဝီလျံ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၂ ခုနှစ်တွင် အနောက်အိန္ဒိယဖက်ဒရေးရှင်းမှထွက်သည်။ ထရီနီဒက်-တိုဘာဂိုလွတ်လပ်ရေး ရရှိသည်။ ဝီလျံက ဤနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသည်။ ၁၉၆၇ ခုနှစ်တွင် ဤနိုင်ငံက အမေရိကန်နိုင်ငံများအသင်း(အိုအေအက်စ်)သို့ ဝင်ရောက်ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဤနိုင်ငံက ကာရစ်ဘီယံဒေသမှ အင်္ဂလိပ်စကားပြော နိုင်ငံများ နှင့်အတူ ကာရစ်ဘီယံ လွတ်လပ်စွာကုန်သွယ်ရေးဇုန် ထူထောင်ဖွဲ့စည်းသည်။ ၁၉၇၃ ခုနှစ် တွင် ယင်းအဖွဲ့ကို ကာရစ်ဘီယံဘုံဈေးအဖွဲ့ဖြင့် အစားထိုးလိုက်သည်။ ၁၉၇၅ ခုနှစ်တွင် ရေနံ၊ ကြံလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ကဏ္ဍ အလုပ်သမားများ၏ သပိတ် မှောက်မှုကြောင့် စီးပွားရေးလည်ပတ်မှု ရပ်ဆိုင်းသွားခဲ့ရသည်။

၁၉၇၆ခုနှစ်တွင် သမ္မတနိုင်ငံဖြစ်လာသည်။ ဘုရင်ခံချုပ်ဟောင်း အဲလစ်ကလပ်က သမ္မတ၊ အဲရစ်ဝီလျံက ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၆ ခုနှစ် အထွေထွေရွေးကောက်ပွဲ တွင် အာသာရော်ဘင်ဆင် ဦးဆောင်သည့် တိုဘာဂိုအခြေစိုက် အမျိုးသားပြန်လည် တည်ဆောက်ရေး မဟာမိတ်အဖွဲ့(အင်န်အေအာရ်)ပါတီ အနိုင်ရသည်။ ၁၉၈၇ ခုနှစ်တွင် နူးရ်ဟက်ဆန်နာလီ သမ္မတဖြစ်လာသည်။ ၁၉၉၁ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ၌ ပီအင်န်အမ်ပါတီအနိုင်ရပြီး ပက်ထရစ်မန်နင်း ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ် တွင် အိန္ဒိယမျိုးနွယ်များကို အခြေခံသည့် ညီညွတ်သော အမျိုးသားကွန်ဂရက်(ယူအင်န်စီ) နှင့် အင်န်အေအာရ်ပါတီတို့က ညွန့်ပေါင်းအစိုးရဖွဲ့သည်။ ပန်ဒေးဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အပြီးတွင် ပန်ဒေးမှာ နောက်ထပ်ဝန်ကြီးချုပ် သက်တမ်းအတွက် တာဝန်ပေးခြင်းခံရပြန်သည်။

အနိုင်ရ

၂၀၀၁ခုနှစ် ဒီဇင်ဘာအထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီနှင့် အတိုက်အခံ ပါတီတို့ အမတ်နေရာ ၁၈နေရာစီရရှိကာ အရှုံးအနိုင်မရှိ အားပြိုင်နေခဲ့သည်။ ၂၀၀၂ ခုနှစ် ဧပြီလတွင် ဝန်ကြီးချုပ်ပက်ထရစ်မန်နင်းက ပါလီမန်ဖျက်သိမ်းရန် မေတ္တာရပ်ခံသည်။ ၂၀၀၂ခုနှစ် အောက်တိုဘာလတွင် သုံးနှစ်အတွင်း တတိယအကြိမ် အထွေထွေရွေးကောက်ပွဲ ကျင်းပသည်။ ဝန်ကြီးချုပ်ပက်ထရစ်မန်နင်း၏ အာဏာရပီအင်န်အမ်ပါတီအနိုင်ရပြီး ၂၀၀၃ခုနှစ် မတ်လတွင် မက်ဝဲရစ်ချက်သမ္မတဖြစ်လာသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာ အထွေထွေရွေးကောက်ပွဲတွင် အာဏာရ ပီအင်န်အမ်ပါတီ အနိုင်ရခဲ့သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် မက်ဝဲရစ်ချက်သမ္မတအဖြစ် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံရသည်။ သူ့အစိုးရမှာ ရေနံဓာတုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု အများအပြားကို ဆွဲဆောင်ကိုင်နိုင်မှုအပြင် ဆင်းရဲမွဲတေမှုလျှော့ပါးရေး စဉ်ဆက်မပြတ် အကောင်အထည်ဖော် အောင်မြင်မှုရရှိခြင်းအတွက် ပြည်သူတို့၏ ယုံကြည်လက်ခံမှုကို ရယူနိုင်ခြင်းဖြစ်သည်။ ။

ခရစ္စတိုဖာကို လံဘတ်စ်က ထရီနီဒက်ကျွန်းကို ၁၄၉၈ ခုနှစ်တွင် တွေ့ရှိသည်။ ၁၇၉၇ ခုနှစ်တွင် ဗြိတိန်မသိမ်းပိုက်မီအထိ ဤကျွန်းကို စပိန်အုပ်ချုပ်ခဲ့။ တိုဘာဂိုကျွန်းကို ဥရောပအင်အားကြီး နိုင်ငံတို့က သူတို့ရထိုက်သည်ဟုဆိုကာ လက်ဆင့်ကမ်း အုပ်ချုပ်ခဲ့သည်။ ၁၈၀၂ ခုနှစ်တွင် ထရီနီဒက် ကို ဗြိတိသျှတို့ဘက်သို့ စပိန်ကထိုးအပ်ပြီး ၁၈၁၄ ခုနှစ်တွင် တိုဘာဂိုကို ဗြိတိသျှတို့လက်သို့ ပြင်သစ်က ထိုးအပ်လိုက်။

ဘဝဒဿန

* *A man who can't take orders graciously has no business giving them.*

- *အမိန့်များကို ယဉ်ကျေးစွာ လက်ခံနိုင်လေ့မရှိသူသည် အမိန့်ပေးနိုင်သူလည်း ဖြစ်လာမည် မဟုတ်ပါချေ။*

* *When things became so bad they cannot become worse, they usually begin to be better.*

- *ဆိုးရွားသော ဖြစ်ရပ်များရှိလာတတ်သလို ကောင်းမွန်သောဖြစ်ရပ်များကလည်း ရှိလာမည်ဆိုသည်မှာ ဓမ္မတာပင်ဖြစ်သည်။*

* *Before opportunity crowns a man with success, if usually tests him out through adversity to see what sort of mettle he is made.*

- *အခွင့်အလမ်းက လူတစ်ယောက်အား ကြီးမားသော အောင်မြင်မှုဖြင့် သရဖူ ဆောင်းမပေးမီ ထိုပုဂ္ဂိုလ်သည် မည်ကဲ့သို့သော သတ္တိသွေးရှိသူဖြစ်ကြောင်း သိရှိရန် အခက်အခဲများဖြင့် စမ်းသပ်ကြည့်လေ့ရှိသည်။*

(ဘားနတ်ရှော)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာပွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

ပါးစပ်ဖြင့် ပူဖောင်းအကြီးဆုံး တစ်ရှိန်ထိုး မှုတ်ပြနိုင်သူ

ဗြိတိန်နိုင်ငံ လီဆက်စတာမြို့သား မင်ဂျင်ဆင်းအမည်ရှိ အမျိုးသား တစ်ဦးသည် လီဆက်စတာမြို့ ရက်လေပါဗီလီယန်စင်တာ အပြင်ဘက်၌ မေ ၁၄ရက်က အချင်း ရှစ်ပေရှိပြီး အလေးချိန် ၃၅အောင်စရှိသည့် ပူဖောင်းကို မိနစ်ပိုင်းအတွင်း လေအပြည့်ဝင်အောင် မှုတ်သွင်းပြနိုင်ခဲ့သဖြင့် ဂင်းနက်စ် မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) (အင်တာနက်)

ကမ္ဘာ့ အသက်အငယ်ဆုံး ဧဝရက် တောင်တက်သမား

အမေရိကန်နိုင်ငံမှ အသက် ၁၃နှစ် အရွယ်သာရှိသေးသည့် တောင်တက် သမားလေး ဂျော်ဒန်ရိုမီယိုသည် အသက်အငယ်ဆုံး ဧဝရက်တောင်ထိပ်ရောက် တောင်တက်သမားဖြစ်လာသည်။ **(အပေါ်ပုံ)**

တက်ရောက်

ရိုမီယိုသည် အမြင့် ၂၉၀၃၅ ပေအထိ တက်ရောက်ကာ ကမ္ဘာ့အသက် အငယ်ဆုံး တောင်တက်သမားဖြစ်လာခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ကမ်းခြေတု

ကမ္ဘာ့အကြီးဆုံးကမ်းခြေတုသည် ဂျပန်နိုင်ငံ မီယာဇာကီမြို့၌ တည်ရှိ သည်။ ယင်းကမ်းခြေတုမှာ မိုးလုံလေလုံခန်းမကြီးအတွင်း၌ တည်ဆောက် ထားခြင်းဖြစ်သည်။

ဖန်တီးတည်ဆောက်ထား

ယင်းကမ်းခြေတုမှာ တကယ့်ပင်လယ်ကမ်းခြေကဲ့သို့ လှိုင်းလုံးများ ရိုက်ခတ်နိုင်အောင် ဖန်တီးတည်ဆောက်ထားခြင်းဖြစ်သည်။

(အောက်ပုံ) (အင်တာနက်)

ကတ္တရာလမ်းခင်းဆောင်ရွက်

ရေးမြို့နယ် အစင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၄ ရက်က ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လင်းရောင်ခြည် ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျေးရွာတွင်ဖွင့်

ရန်ကုန် မေ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု အိုင်ကလောင်ကျေးရွာတွင် မေ ၁၃ရက် နံနက် ၁၁နာရီက လင်းရောင်ခြည်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သီဟ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် အလှူရှင်များက သုတ၊ ရသ စာအုပ် စာစောင်များကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းနိုင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးနေ့စဉ်သတင်းစာတိုက်၏ ပုံနှိပ်ဖြန့်ချိလုပ်ငန်းနှင့် သတင်းစာအရည်အသွေးကောင်းမွန်ရေး မြို့တော်ဝန်စစ်ဆေး၊ လိုအပ်သည်များဖြည့်ဆည်းပေး

မန္တလေး မေ ၂၄

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများ လိုက်ပါလျက် မေ ၃ရက် နံနက် ၁၁နာရီက ချမ်းအေးသာစံမြို့နယ် ၇၃လမ်းနှင့် ၂၈လမ်းထောင့်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မန္တလေး နေ့စဉ်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဌာနမှူးနှင့် မန္တလေးနေ့စဉ်သတင်းစာဌာနခွဲမှူးတို့က နေ့စဉ်သတင်းစာများပုံနှိပ်ဖြန့်ချိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်က မန္တလေး နေ့စဉ်သတင်းစာကို ပြည်သူများထံသို့ စောစီးစွာဖြန့်ချိနိုင်ရေး၊ ပုံနှိပ်အရည်အသွေး ကောင်းမွန်ရေး၊ ကြော်ငြာကိစ္စဖြင့် သတင်းစာတိုက်သို့ လာရောက်သော ပြည်သူများအား ကောင်းမွန်နွေးထွေးသော ဝန်ဆောင်မှုပေး၍ ဆက်ဆံရေး၊ သတင်းများ၊ ဆောင်းပါးများ၊ ကြော်ငြာများ နေ့စဉ်ဖော်ပြရာတွင် သတ်ပုံသတ်ညွှန်းမှအစ အမှားအယွင်းကင်းစင်ရေး၊ မန္တလေးမြို့ပေါ်နေပြည်သူများ

အတွက်သာမက မန္တလေးမြို့နှင့် ဆက်စပ်နေသော အခြားပြည်နယ်နှင့်တိုင်း၊ မြို့နယ်များအထိ သတင်းစာများတိုးမြှင့်ဖြန့်ချိရေး၊ ပုံနှိပ်စက်များ အစဉ်ကြံ့ခိုင်မှုရှိရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်သွားရန်အတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကြော်ငြာဌာန၊ ပုံနှိပ်ဌာန၊ အယ်ဒီတာ၊ စာပြင်၊ ကွန်ပျူတာ၊ သတင်းထောက်၊ သုတေသနနှင့် ရုံးအဖွဲ့တို့ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မန္တလေးနေ့စဉ် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(၃၁၃)**

မြို့နယ် သတင်း ထွေတလာ

မတ္တရာမြို့ သန်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်

မတ္တရာ မေ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စကားပင် ကျေးရွာ အုပ်စု သန်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက်က ကျင်းပသည်။

ဖွင့်လှစ်ပေး

အခြေခံပညာအလယ်တန်းကျောင်းခွဲကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ငွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေးရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အခြေခံပညာ အလယ်တန်းကျောင်းခွဲဆိုင်းဘုတ်ကို ကျောင်းသား ကျောင်းသူကလေးများက ရွှေကြိုးဆွဲ ဖွင့်လှစ်ပေးသည်။

ပေးအပ်

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်ငွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်ပညာရေးမှူးဒေါ်ငွေးရီနှင့် မြို့နယ်အလုပ်အမှုဆောင် ပညာရေး ကဏ္ဍတာဝန်ခံ ဦးလှမြင့်တို့က အမှာစကားပြောကြားပြီး ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအုန်းရွှေက ကျေးဇူးတင်စကားပြောကြား သည်။ ထို့နောက် အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအထိမ်း အမှတ် အလံများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၁၇ရက်က ပေါက်တော-လက်ပံပြား ကျေးလက်လမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို စစ်တွေခရိုင် ပေါက်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၄) ဦးဇော်လေးထွန်းတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

သာစည်မြို့နယ် ပြန်/ဆက်သို့ စာအုပ်စာစောင်များ လှူဒါန်း

သာစည် မေ ၂၃

သာစည်မြို့နယ်အတွင်းရှိ ခိုင်မာစွာဖွင့်လှစ်ထားရှိပြီးဖြစ်သော ကျေးလက်စာကြည့်တိုက်များ၌ ဖတ်ရှုလေ့လာနိုင်ရေးအတွက် အမှတ်(၄)နယ်မြေ မြို့မရပ်ကွက်အတွင်းရှိ ရွှေနဂါးလီမိတက်မိသားစုမှ ဂျာနယ်မျိုးစုံစောင်ရေ ၂၆၀ကို ရွှေနဂါးလီမိတက်မိသားစု ကိုယ်စား ဦးဘစံက ဧပြီ ၂၂ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လာရောက်လှူဒါန်းရာ ဦးစီးမှူး ဦးဝင်းတင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ရွှေနဂါးလီမိတက်မိသားစုသည် သာစည်မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံကို ခြောက်လတစ်ကြိမ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယခုအထိ ခြောက်ကြိမ် ရှိသွားပြီဖြစ်သည်။ *(၀၉၄)*

လေ့ကျင့်ဆောင်ရွက်

ပုသိမ်မြို့ ကမ်းနားဈေး၌ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့် မီးသတ်တပ်ဖွဲ့ဝင် များ၊ ဈေးသူဈေးသားများနှင့် တာဝန်ရှိသူများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ် ရေး လေ့ကျင့်ဆောင်ရွက်ကြရာ ဧရာဝတီတိုင်းမီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကန့်ဘလူမြို့နယ်၌ ဆွေးနွေး

ကန့်ဘလူ မေ ၁၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦး၊ အတွင်းရေးမှူး ဦးတင်မြင့်နှင့်အဖွဲ့ သည် မတ် ၂၆ရက် နံနက် ၁၀နာရီခွဲက ကန့်ဘလူမြို့နယ်ခန်းမ၌ မြို့နယ်ဥက္ကဋ္ဌဦးဝေ မျိုးခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့မိမြို့ဖ ဥက္ကဋ္ဌဦးတင်အေးနှင့် အဖွဲ့ဝင်များ အား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုး ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကန့်ဘလူမြို့နယ်၏ စီးပွားရေးနှင့် လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေး တင်ပြကြသည်။ *(၀၂၇)*

(၆၅)ကြိမ်မြောက် သွေးလှူဒါန်း

လှိုင်းဘွဲ့ မေ ၁၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အမှတ်(၈) ရပ်ကွက်မှ ဦးမြသွေး**(အပေါ်ပုံ)** သည် လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ၌ မတ် ၈ ရက် က အောဂျီသွေးအမျိုးအစားဖြင့် (၆၅) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၇၂ခုနှစ် နယုန်လဆန်း ၂ရက်
(၂၀၁၀ခုနှစ် မေလ ၁၄ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီသည် ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၀ခုနှစ် မေလ ၃ရက်မှ ဇွန်လ ၄ရက်အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်မြို့)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင်အခြေပြုသည့် ကျောက်စိမ်း/ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ။

ဘွဲ့တံဆိပ်တော်ရ ရခိုင်သံဃာတော်များအား ပင့်လျှောက်လွှာ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်သံဃာတော် အရှင်သူမြတ် ၁၂ပါးတို့အား ရန်ကုန်မြို့ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့မှ ၃၀-၅-၂၀၁၀ရက် နံနက် ၈နာရီတွင် ထပ်ဆင့်ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အချိန်မီကြွရောက်ကြပါရန် ပင့်လျှောက်အပ်ပါသည်။ လှူဒါန်းလိုသော အလှူရှင်များ ဦးသန်းနိုင် ဖုန်း-၅၄၅၃၉၅၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၄၀၄၀၇၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၀၀၁၃၀၁၊ ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့သို့ ဆက်သွယ်ပြီး လှူဒါန်းနိုင်ပါသည်။

ရခိုင်ပြည်နယ်ဓမ္မာရုံ
ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့။

(၉)ကြိမ်မြောက် မူလသဲအင်းဂူဆရာတော်ကြီးအား အာစရိယဂုဏာပူဇော်ပွဲ

ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့ (မိုးကောင်း)က ကြီးမှူး၍ ရန်ကင်းမြို့နယ် မိုးကောင်း ဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ (၉)ကြိမ်မြောက် မူလသဲအင်းဂူ ဆရာတော်ကြီးအား အာစရိယဂုဏာပူဇော်ပွဲကို ၂၀၁၀ခုနှစ် မေ ၂၉ရက်(စနေနေ့) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ပူဇော်ပွဲသို့ ဆရာတော်ကြီး၏ ဝေနေယျ ဒါယကာ၊ ဒါယိကာမအပေါင်းတို့နှင့်အတူ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို အာရုံပြု၍ကြည်ညိုသဒ္ဓါပွားလျက် ကြွရောက်ပူဇော်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ပူဇော်ပွဲသို့ ကြွရောက်လာကြသော ဝေနေယျအပေါင်းတို့အား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ လှူဒါန်းနိုင်ပါကြောင်း နိုးဆော်အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန
ကျောက်စိမ်း၊ ကျောက်မျက်၊
ပုလဲအထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၇၂ ခုနှစ် နယုန်လဆန်း ၆ရက်
၂၀၁၀ ခုနှစ် မေလ ၁၈ ရက်

၁။ ၂၀၁၀ ခုနှစ် ဇွန်၊ ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို ၂၀၁၀ခုနှစ် ဇွန်၂၅ရက်မှစ၍ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ၂၀၁၀ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၁၀ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ တက်ရောက်လိုသူများသည် ၂၀၁၀ ခုနှစ် ဇွန် ၈ ရက်မှ ၁၈ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်)နှင့် ဇွန် ၁၉ရက်မှ ၂၄ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ။

တက္ကသိုလ်များပုံနှိပ်တိုက်လုပ်ငန်းသုံးပစ္စည်းများ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ တက္ကသိုလ်များပုံနှိပ်တိုက်တွင်အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	စက္ကူအမျိုးမျိုး	၄ မျိုး
(ခ)	Air Conditioner(Split Type), 1.5 HP	၁ မျိုး
(ဂ)	Colour Copier A_3	၁ မျိုး
(ဃ)	Copy Printer A_3	၁ မျိုး

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၆-၂၀၁၀ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းဝယ်ယူရေးကော်မတီ
တက္ကသိုလ်များပုံနှိပ်တိုက်
သထုံလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၇၃၅၇၊ ၅၂၅၆၁၆။

အမည်ပြောင်း

အဖ ဦးမောင်မောင်လတ်၏သား အထက(၄) မြောက်ဒဂုံ သတ္တမတန်းမှ မောင်မိုးထက်ဟိန်းအား မောင်စိုးစိုးထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးစိုးထွန်း။

အမည်ပြောင်း

အဖ ဦးသန်းထိုက်အောင်၏သား ကျောက်မဲမြို့၊ အထက(၁) ဆဋ္ဌမတန်းမှ မောင်မျိုးမြင့်ဇော်အား စိုင်းဇော်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၂၁၃၄၉ Kenbo KB 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဦးမြတ်စံ ၅/ခဥန(နိုင်)၁၁၃၆၀၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ရွှေဘိုမြို့။

တရားရိပ်ခိုလိုသူများအတွက် တိုက်၊ အိမ်၊ ခြံ လျှော့ဈေးနှင့်ရောင်းမည်

သန်လျင်-ကျောက်တန်းလမ်းမပေါ်ရှိ တိုက်အသေးတစ်လုံး၊ အိမ်အသေးတစ်လုံး၊ ခြံတစ်ဧကခွဲခန့်၊ သီးနှံပင်များ၊ မြက်ခင်း၊ ရေ၊ မီးအစုံ၊ ရောင်းဈေး ကျပ်သိန်း ၁၂၀၀။

ဆက်သွယ်ရန် ဖုန်း-၅၃၅၃၈၆(ရုံးချိန်အတွင်း)။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၉၈၂၀၆ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင့်လွင် ၉/မဟမ(နိုင်)၀၀၃၄၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၃၁၇၃၄ Luojia 110 m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/မရမ(နိုင်)၀၈၁၄၆၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

သစ်တောသစ်ပင်တို့ချစ်ခင်

ယာဉ်မတော်တဆမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟသ်ာတမြို့၌ အသိပညာပေးသင်တန်းဖွင့်

ဟသ်ာတ မေ ၂၄

ဟသ်ာတခရိုင်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေးလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော ယာဉ်မတော်တဆမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးသင်တန်းကို မေ၆ရက်က ဟသ်ာတမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

အဆိုပါသင်တန်းတွင် မော်တော်ယာဉ်ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်များအကြောင်းကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ခရိုင်ဥပဒေအရာရှိ ဒေါ်တူးတူး **(အပေါ်ဝဲပုံ)**၊ အဖွဲ့ဝင်များဖြစ်ကြသည့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအောင်ဝင်း၊ ရဲအုပ်ဇော်ဇော်(ယာဉ်ထိန်း)နှင့် မထသဥက္ကဋ္ဌ ဗိုလ်ကြီးသက်နိုင်ဦး(ငြိမ်း)တို့က ဆွေးနွေးပို့ချကြသည်။

တက်ရောက်

သင်တန်းကို မေ၆ရက်မှ ၉ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်တာဝန်ခံစုစုပေါင်း သင်တန်းသား၂၀၀ကျော် တက်ရောက်သည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ရက်က အဖွဲ့ဝန်ထမ်းများစုပေါင်း၍ မြို့တွင်းလမ်းဘေးတွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမောင်မောင်ကျော် ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ကောလိပ်ဟောင်းဝင်းအတွင်း ရေဆိုးထုတ်မြောင်းသစ်တူးဖော် ဆောင်ရွက်ပြီး မြောင်းကူးတံတား ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပန်းအလှလှေ အလှဆင်

ဧပြီ ၂၂ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်တွင် ရိုးရာလှေကို အသုံးပြု၍ ပန်းအလှလှေအဖြစ် အလှဆင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပူတာအိုခရိုင် ပြန်/ဆက် ဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပူတာအို မေ ၂၀

ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွင်းရှိ မြို့နယ်၊ မြို့ရုံးများနှင့် ခရိုင်ရုံးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၇ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်မြက အမှာစကားပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အကြိမ်(၆၀)မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်းမှ အမှုဆောင်(လူငယ်တာဝန်ခံ) ဦးခင်ထွန်း**(အပေါ်ပုံ)**သည် ဧပြီ၁၇ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည့် သွေးလှူဒါန်းပွဲတွင် အကြိမ်(၆၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဆည်ရေ ဖွေးဖွေးဖြင့် မြစ်သားမြို့နယ် ကင်းတားရေလှောင်ဆည်အလှကို ဤသို့ တွေ့ခဲ့ရသည်။

လယ်ယာစီးပွား တိုးတက်မြင့်မားရေး အထောက်အကူပြုနေသည့် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံ

သတင်းစရီးသည်–မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု–လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၅

နိုင်ငံတစ်ဝန်း ဆည်တမံများ ဖြန့်ကြက်တည်ဆောက်ပေးခြင်းသည် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သကဲ့သို့ ဒေသ၏ စိမ်းလန်းသာယာမှုအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိသည်။

တည်ဆောက်ပေး

နိုင်ငံတော်အစိုးရလက်ထက်တွင် ဆည်တမံအစုအဖွဲ့များကို မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် အများဆုံးတည်ဆောက်ပေးနိုင်ခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၃* ❍

အနောက်တောင် မုတ်သုံလေ ဝင်ရောက်

နေပြည်တော် မေ ၂၅

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၂၅

ယနေ့ မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

26-5 (20).pmd 1 5/26/2010, 2:20 AM